ကုမ္ပဏီအမည်		- Tarchileik (Eastern Shan State), Water Supply Co., Ltd.Limited

လုပ်ငန်း		- **တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နှင့်** Tarchileik (Eastern Shan State), Water Supply Co., Ltd. **တို့မှ** B.O.T **စနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့်နေ့စွဲ	ပြည်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၄-၆-၂၀၁၆		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ၂၃/၂၀၁၆ သို့တင်ပြခြင်း	၂၀-၆-၂၀၁၆		
၃	PAT အစည်းအဝေးဆုံးဖြတ်ချက်ပေးပို့ခြင်း	၂၉-၆-၂၀၁၆		
၄	**သဘောထားမှတ်ချက်တောင်းခံခြင်း** (က) ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး (ခ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (ဂ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	 ၁၁-၇-၂၀၁၆ ၁၆-၆-၂၀၁၆ ၁၆-၆-၂၀၁၆	 ၂၃-၈-၂၀၁၆ ၂၉-၇-၂၀၁၆ ၁-၇-၂၀၁၆	
၅	ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရ ပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း	၅-၇-၂၀၁၆		
၆	ကုမ္ပဏီမှပြန်လည်ပြင်ဆင်တင်ပြလာခြင်း	၃၁-၈-၂၀၁၆		
၇	ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၁၇/၂၀၁၆)MIC	၉-၉-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၈၅ ရက်			

ကုမ္ပဏီအမည်	**Tachileik (Eastern Shan State), Water Supply Co., Ltd.**
အဖွဲ့အစည်းပုံသဏ္ဌာန်	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်း
တည်နေရာ	ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ပေွပေးကျေးရွာအနီးရှိ မြေ (၃.၉၂)ဧကနှင့် ဖက်ဟိအပေါ်ရွာရှိမြေ (၅.၂၁)ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	၁၆,၈၇၃.၀၀၀ ကျပ်သန်း
လုပ်ငန်းသက်တမ်း	၅၀ နှစ် (၁၀ နှစ်ကြိမ် သက်တမ်းတိုး)
အရင်းကြေကာလ	၂၀ နှစ်
IRR	၉.၉၁၂ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ **Cost & Benefit** ကို အောက်ပါဇယားဖြင့်ပြုစုတင်ပြအပ်ပါသည်-

စဉ်	**အကြောင်းအရာ**	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃.၀၀သန်း(တစ်နှစ်)	-
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၂၀သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၁၇၁.၃၀ သန်း	-
၄	ဝင်ငွေခွန်	ကျပ် ၄၅၀.၈၉သန်း	ကျပ် ၁,၆၂၉.၅၄ သန်း
၅	ကုန်သွယ်လုပ်ငန်းခွန်	-	ကျပ် ၁,၇၇၀.၀၀ သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်	-	တစ်နှစ်ဝင်ငွေကျပ် (၄၈) သိန်း ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၁) ဦး
၇	CSR (၂%)	-	ကျပ် ၁၃၁.၅၄ သန်း
၈	အလုပ်အကိုင်အခွင့်အလမ်း	-	ပြည်တွင်းလုပ်သား (၄၉)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်၍ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုစေပါသည်။
		ကျပ် ၆၂၅.၁၉ သန်း	**ကျပ် ၃,၅၃၂.၂၈ သန်း**
		၁ ႏ ၅	

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီ နှင့် Tarchileik (Eastern Shan State), Water Supply Co., Ltd.တို့မှ B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍ PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

စဉ်	ကုမ္ပဏီအမည်	လုပ်ငန်း အမျိုးအစား	PAT အကြိမ် နေ့စွဲ	ဆွေးနွေးချက်မှ ပြင်ဆင်ရန်လိုအပ်ချက်	ဆောင်ရွက် ပြီးစီးမှု	မှတ် ချက်
၁	၂	၃	၄	၅	၆	၇
၁။	Tarchileik (Eastern Shan State), Water Supply Co., Ltd.	B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်း	၂၃/၂၀၁၆ ၂၀-၆-၂၀၁၆	(က)ထည့်ဝင်ပြီးနှင့် ထပ်မံထည့်ဝင်မည့် မတည်ငွေရင်းပမာဏခွဲခြားဖော်ပြရန်၊	ပြင်ဆင်ပြီး	
				(ခ) Tarchileik (Eastern Shan State) Water Supply Co., Ltd. အမည်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ချုပ်ဆိုထားသော B.O.T စာချုပ် (မူကြမ်း) တင်ပြရန်၊	စာချုပ်မူကြမ်းတင်ပြထားပါသည်။	
				(ဂ) တင်သွင်းပြီးစက်ပစ္စည်းနှင့် ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းစာရင်း၊ ယာဉ်ယန္တရားစာရင်းအားစိစစ်ပြီးခွဲခြားတင်ပြရန်၊	ပြင်ဆင်ပြီး	
				(ဃ)စီးပွားရေးဆိုင်ရာတွက်ချက်မှုများပြင်ဆင်တင်ပြရန်။	ပြင်ဆင်ပြီး	
				(င) ရေပေးဝေမည့်အစီအစဉ်၊ Layout Plan နှင့် ဒီဇိုင်းအားတင်ပြရန်။	ဆောင်ရွက်ပြီး	

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Tarchileik (Eastern Shan State), Water Supply Co., Ltd. တို့၏ B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်းရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း

၁။	ကုမ္ပဏီအမည်	- Tarchileik (Eastern Shan State), Water Supply Co., Ltd.
၂။	လုပ်ငန်းအဆိုပြုသူအမည်	- ဦးလောတာ - အုပ်ချုပ်မှုဒါရိုက်တာ
၃။	ရင်းနှီးမြှုပ်နှံမှုပုံစံ	- မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
၄။	အဆိုပြုလုပ်ငန်းအမျိုးအစား	- B.O.Tစနစ်ဖြင့်တာချီလိတ်မြို့တွင်းရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း
၅။	လုပ်ငန်းနေရာ	- ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေ့ဟေးကျေးရွာအနီးရှိ မြေ (၃.၉၂)ဧကနှင့် ဖက်ဟိအပေါ်ရွာရှိမြေ (၅.၂၁)ဧက

၆။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ်(သန်း)	US$ (သန်း)	စုစုပေါင်းကျပ်(သန်း)
	ငွေသား	၅,၅၈၄.၀၄	-	၅,၅၈၄.၀၄
	စက်နှင့်စက်ပစ္စည်းကိရိယာများ	-	၂.၄၈	၂,၉၇၉.၄၂
	အဆောက်အအုံများ	၃၅၃.၆၃	-	၃၅၃.၆၃
	ရုံးသုံးပစ္စည်းများ	၁၀.၈၀	-	၁၀.၈၀
	မော်တော်ယာဉ်	-	၀.၃၇	၄၄၆.၅၈
	မြေ	၇၁.၀၀	-	၇၁.၀၀
	ပိုက်နှင့်ဆက်စပ်ပစ္စည်း	-	၆.၁၂	၇,၃၄၃.၉၀
	လက်မှတ်ထိုးဆုကြေးငွေ	၈၃.၆၃	-	၈၃.၆၃
	စုစုပေါင်း	**၆,၁၀၃.၁၀**	**၈.၉၇**	**၁၆,၈၇၃.၀၀**

၇။	တည်ဆောက်ရေးကာလ	- ၁ နှစ်
၈။	ပဏာမစူးစမ်းလေ့လာမှုကာလ	- NA
၉။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	- ကနဦး ၅၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)
၁၀။	B.O.T စာချုပ်သက်တမ်း	- ၅၀နှစ် (သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)

၁၁။ ဝန်ဆောင်မှု(၆နှစ်မြောက်)

Water Production /day (Cu.M)	ရေအသုံးပြုမည့် ခန့်မှန်း လူဦးရေ/တစ်လ	အသုံးပြုသည့်ယူနစ်/တစ်လ	တစ်ယူနစ် ဈေးနှုန်း (ကျပ်)	ဝင်ငွေ (၆နှစ်မြောက်) (ကျပ်သန်း)
၁၀,၀၀၀	၇၅,၀၀၀	၄	၅၀၀	၁,၈၀၀

၁၂။	ကုမ္ပဏီ၏(၆)နှစ်မြောက်ဝင်ငွေ	- ကျပ် ၁,၈၀၀.၀၀ သန်း
	အသုံးစရိတ်	- ကျပ် ၁,၄၇၄.၀၉ သန်း
	အသားတင်အမြတ်	- ကျပ် ၃၂၅.၉၁ သန်း
၁၃။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ်(ဆ၄မ)မြောက်နှစ်	
	ဝင်ငွေခွန်	- ကျပ် ၁၀၈.၆၄ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၉၀.၀၀ သန်း

၁၄။	ဝန်ထမ်းအင်အား	- ပြည်တွင်း၄၉ဦး(တစ်လလျှင်ပြည်တွင်းလုပ်သားတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ၁၁၀,၀၀၀ ကျပ်၊ အမြင့်ဆုံး လစာမှာကျပ် ၅၀၀,၀၀၀ ဖြစ်ပါသည်။) - ပြည်ပ ခန့်ထားခြင်းမရှိပါ။
၁၅။	အရင်းကြေကာလ	- ၂၀ နှစ်
၁၆။	အရင်းအနှီးပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	- ၉.၉၁၂ %
၁၇။	ငွေကြေးအထောက်အထား	- ကမ္ဘောဇဘဏ်(တာချီလိတ်ဘဏ်ခွဲ)၌ (၈-၁-၂၀၁၇) နေ့စွဲဖြင့် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတတ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလောတာ အမည်ပါဝင်သည့် Bank Statement တွင် Closing Balance ကျပ် (-၁,၂၇၂,၆၈၁,၃၃၃.၇၆) ရှိကြောင်း တင်ပြထားပါသည်။
၁၈။	သဘောတူစာချုပ်ပါအဓိက အချက်များ	တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ဟိန်းလင်းစံ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့ချုပ်ဆိုထားသည့်သဘောတူ စာချုပ်ပါ အဓိကအချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်- (က) ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၏ အနောက်တောင်ဘက်(၁၀)မိုင်အကွာမယ်ဆိုင်နွံ့ချောင်းဖျားတွင် ရေကျော်ဆည် (Wier)တည်ဆောက်ပြီး၊ လွယ်တော်ခမ်း ပူးပေါင်းဂိတ်အနီးရှိ မြေနေရာတွင် ရေစစ်ကန်များတည်ဆောက်ကာ တာချီလိတ်မြို့တွင်း ရေသုံးစွဲသူများထံသို့ ရေမီတာစနစ်ဖြင့် ပိုက်လိုင်းများ သွယ်တန်းပေးပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ (ခ) သဘောတူစာချုပ် သက်တမ်းကာလသည် စာချုပ်ဝင်များ လက်မှတ်ရေးထိုးသည့်နေ့မှစ၍နှစ် (၅၀)ဖြစ်ပါသည်။ ယင်း သက်တမ်းကာလတွင် တည်ဆောက်ရေးကာလ အပါအဝင် ဖြစ်ပါသည်။ နှစ်(၅၀)ကုန်ပြီးနောက် နောက်ထပ် (၁၀) နှစ်စီ (၂)ကြိမ် သက်တမ်းတိုးနိုင်သည်။ **အပိုဒ်-၁(က)(ခ)** (ဂ) မူလစာချုပ်ချုပ်ဆိုသည့် (၂၀-၂-၂၀၁၃) ရက်နေ့အား လုပ်ငန်းစတင်ရက်အဖြစ် သတ်မှတ်မည်ဖြစ်ပြီး လုပ်ငန်းစတင်သည့်နေ့မှ (၄)နှစ်အတွင်း ပထမပိုင်း တည်ဆောက်ရေးလုပ်ငန်းများအပြီးတည်ဆောက်ရမည်ဖြစ်သည်။ **အပိုဒ်-၄** (ဃ) ပထမပိုင်းတည်ဆောက်ရေးလုပ်ငန်းများတွင် (၁) သံကူကွန်ကရစ်ရေကျော်(Weir)ကိုတည်ဆောက်ခြင်း (၂) ချောင်းနံဘေးတွင်လိုအပ်သော နေရာများ၌ နံရံထိန်းကျောက်စီနံရံများ တည်ဆောက်ခြင်း၊ Intake Structure ခေါ် ရေယူအဆောက်အဦတစ်စုံ တည်

ဆောက်ခြင်း

(၃) ပိုက်သွယ်တန်းခြင်း

(၄) Water Treatment Plant Structure ပထမ အဆင့်ဆောက်လုပ်ခြင်း

(၅) Junction Valve Chamber တစ်စုံ တည်ဆောက်ခြင်း

(၆) Junction Valve Chamber ပိုက်လိုင်းခွဲထုတ် သွယ်တန်းခြင်း

(၇) တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနမှ လက်ရှိ မြို့ရေပေးဝေရေး ဆောင်ရွက်နေသော လုပ်ငန်းများ ကို လွှဲပြောင်းလက်ခံပြီး လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်၍ မြို့နယ်အရန်ရေ ပေးဝေရေးစနစ် အဖြစ် တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခြင်း၊

(၈) ရေရယူမည့် နေအိမ်ဝင်းများအတွင်း ရေပိုက်လိုင်း များသွယ်တန်းခြင်း

(င) တာချီလိတ်မြို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို အပိုင်း(၄) ပိုင်းခွဲခြား ဆောင်ရွက်မည်ဖြစ်ပြီး ပထမပိုင်း တည်ဆောက် ရေးလုပ်ငန်း ဆောင်ရွက်ခွင့် ရရှိခြင်းအတွက် ငွေကျပ် (၈၃၆.၃၀) သိန်းကို လုပ်ငန်းလက်ခံသူက လုပ်ငန်းအပ်နှံသူ သို့ပေးသွင်းရမည်။ မူလစာချုပ် ချုပ်ဆိုခဲ့သည့်နေ့တွင် ငွေကျပ် (၄၃၇.၆၆) သိန်းကိုပေးသွင်းပြီးဖြစ်၍ ကျန်ငွေကျပ် (၃၉၈.၆၄)သိန်းကို ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုခဲ့သည့်နေ့ တွင်ထပ်မံပေးသွင်းရမည်။ ကျန်အပိုင်းများကို ဆက်လက် ဆောင်ရွက်လျှင် အပိုင်း(၁)ပိုင်းချင်းစီအတွက် ကုန်ကျမည့် တန်ဖိုး၏(၁%)ကို ထပ်မံပေးသွင်းရမည်။ **အပိုဒ်-၄**

(စ) ဒုတိယပိုင်း၊ တတိယပိုင်း၊ စတုတ္ထပိုင်းတည်ဆောက်ရေးလုပ် ငန်းအနေဖြင့် ရေရယူမည့် ရပ်ကွက်အသီးသီးသို့ ရေသွယ် ယူမည့် ရေပိုက်လိုင်းများကိုရေသုံးစွဲသူများနှင့် ညှိနှိုင်းသွယ် တန်းခြင်းကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဆ) လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူမှ တာချီလိတ်မြို့နယ် စည်ပင် သာယာရေးကော်မတီသို့ လက်မှတ်ရေးထိုး ဆုကြေးငွေအဖြစ် ငွေကျပ် (၄၃.၇၆၆) သန်းကို စာချုပ်ချုပ်ဆိုသည့် နေ့တွင်ပေး သွင်းရမည်။

(ဇ) လုပ်ငန်း လုပ်ကိုင်ခွင့်ရသူသည် ရေမီတာတစ်လုံးလျှင် ကာလတန်ဖိုးကျသင့်ငွေဖြင့် ရေသုံးစွဲသူထံ တပ်ဆင်ပေးပြီး အသုံးပြုရေအတွက် တစ်ယူနစ်ဖြစ်သော (၁,၀၀၀) လီတာ

		(သို့မဟုတ်) (၂၂၀) ဂါလန်လျှင် ကျပ် (၅၀၀) နှုန်းဖြင့် ကောက်ခံမည်ဖြစ်ပြီးပြောင်းလဲလာသောခေတ်ကာလအခြေများနှင့်အညီ လိုအပ်လာပါက ရေတစ်ယူနစ် သတ်မှတ်နှုန်းကိုလုပ်ငန်းအပ်နှံသူနှင့်လုပ်ငန်းလက်ခံသူတို့နှစ်ဖက် ညှိနှိုင်း၍ ပြင်ဆင်သတ်မှတ်ရမည်ဖြစ်သည်။ (ဈ) တည်ဆောက်ရေးလုပ်ငန်းများ ပြီးဆုံး၍ ရေးပေးဝေရေးလုပ်ငန်း စတင်သည့်နေ့မှစ၍ အရင်းကြေကာလအဖြစ် (၂၀)နှစ်သတ်မှတ်သည်။အရင်းကြေကာလအတွင်းလုပ်ငန်းလက်ခံသူမှ ရေသုံးစွဲခ ကောက်ခံရရှိသောဝင်ငွေ၏ (၅%) ကိုလည်းကောင်း၊ အရင်းကြေကာလကုန်ဆုံးပြီးနောက် ကျန်ကာလများအတွက် ရေသုံးစွဲခ ကောက်ခံရရှိသော ဝင်ငွေ၏ (၁၀%)ကိုလည်း ကောင်းလုပ်ငန်းအပ်နှံသူ၏ ငွေစာရင်းသို့ နှစ်စဉ် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ပေးသွင်းရမည်ဖြစ်ပါသည်။ (ည) လုပ်ငန်းပြီးစီး၍အပ်နှံခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလက်ခံသူမှ စာချုပ်ပါအတိုင်း မြို့ရေပေးဝေရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့်အချိန်မှစ၍ လုပ်ငန်းအပ်နှံသူ က လက်ရှိဆောင်ရွက်လျက်ရှိသည့် တာချီလိတ်မြို့ရေပေးဝေရေးလုပ်ငန်း(လုပ်ငန်းနှင့်ပတ်သက်သော အဆောက်အဦများ၊ စက်ကိရိယာများ၊ ရေလှောင်ကန်များ၊ ရေတာတမံနှင့်ရေယူအဆောက်အအုံများ၊ ရေဖြန့်ဝေစနစ်၊ ရေသုံးစွဲသူများစာရင်းစသည်)ကို လုပ်ငန်းလက်ခံသူသို့ စနစ်တကျလွှဲပြောင်းပေးရမည်။
၁၉။	ကုမ္ပဏီမှ ဆောင်ရွက်မည့် CSR	- CSR လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ ၂ %၊ အသုံးပြုသွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။
၂၀။	မီးဘေးကာကွယ်ထားရှိမှုအစီအစဉ်	- မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက် ရေးဆွဲတင်ပြထားပါသည်။
၂၁။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု	- လျှပ်စစ်ဓါတ်အားကို ကိုယ်ပိုင် Generator 12 KVA တပ်ဆင်အသုံးပြုမည်ဖြစ်ပါသည်။
၂၂။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်	- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၂၃။	အခြားတင်ပြချက်များ	- အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုမည်ဆိုပါက ကန့်ကွက်ရန် မရှိကြောင်း(၁၂-၈-၂၀၁၆) ရက်စွဲဖြင့် သဘောထားမှတ်ချက် ပေးပို့ထားပါသည်။

၂၄။		- အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ တာချီလိတ်မြို့တော်စည်ပင် သာယာရေးကော်မတီမှ တာချီလိတ်မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ဟိန်းလင်းစံသတ္တုတူးဖော်ရေး ကုမ္ပဏီ လီမိတက်တို့သည် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် တောင်ကြီးမြို့၌ (၉-၉-၂၀၁၅) ရက်နေ့တွင် နှစ်ဘက်သဘောတူ ပြင်ဆင်ချက် စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း တင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်း နှင့်ပက်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တာချီလိတ်မြို့ရေပေးဝေရေး လုပ်ငန်းအားတာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်အမည်ဖြင့်ဆက်လက်လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုနိုင်ပါရန် ဟိန်းလင်းစံသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တင်ပြလာခြင်းနှင့်ပက်သက်၍ (၁၅-၁-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သောရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂-၁/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၅ (သ) အရတာချီလိတ် (ရှမ်းအရှေ့) ရေးပေး ဝေရေးကုမ္ပဏီ လီမိတက်အမည်ဖြင့် ကုမ္ပဏီအမည် ပြောင်းလဲဆောင်ရွက်ခွင့်ပြုကြောင်းတင်ပြထားပါသည်။ - တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်မှ တာချီလိတ်မြို့၊ ရေပေးဝေရေးဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းအဖြစ်ဆောင်ရွက်လျက်ရှိသည့် တာချီလိတ်မြို့နယ်၊ လွမ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေပေါးကျေးရွာအနီးတွင် (Weir and Intake Structure)လုပ်ငန်းဖြစ်သည့် ရေကျော်ဆည်လုပ်ငန်းနှင့်ရေယူအဆောက်အအုံတည်ဆောက်မည့်မြေ (၃.၉၂) ဧကသည် နိုင်ငံတော်မှ စီမံခန့်ခွဲနိုင်သည့် မြေအမျိုးအစားဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အဆိုပါနေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်ရန်မရှိကြောင်း တင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ ဒေသခံများ၏သဘောထားရယူထားကြောင်းတင်ပြထားပါသည်။ - တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်သည် (၄-၈-၂၀၁၅)ရက်နေ့တွင် ဖွဲ့စည်းမှတ်ပုံတင်ထားပြီး ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ MOA ၊ AOA(မိတ္တူ) နှင့် ဒါရိုက်တာစာရင်းတို့ကိုတင်ပြထားပါသည်။
၂၄။	စိစစ်တင်ပြချက်	(က) တာချီလိတ်မြို့နယ်၊ စည်ပင်သာယာရေး ကော်မတီနှင့် ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် တို့သည်

တာချီလိတ်မြို့၊ မြို့တွင်းရေပေးဝေ ဖြန့်ဖြူးရေး လုပ်ငန်း ဆောင်ရွက်မှု သဘောတူစာချုပ်အား (၂၀-၂-၂၀၁၃) ရက်နေ့ တွင် ချုပ်ဆိုခဲ့ပြီး (၉-၉-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက် သဘောတူစာချုပ်ချုပ်ဆိုထားကြောင်း၊ အဆိုပြုလုပ်ငန်းအား တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီ လီမိတက် အမည်ဖြင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်၍ ကုမ္ပဏီအမည် ပြင်ဆင်ထားသည့် ပြင်ဆင်ချက်သဘောတူစာ ချုပ်(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထား မှတ်ချက်တောင်းခံထားကြောင်း ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှ တင်ပြထားပါသည်။

(ခ) ရှမ်းပြည်နယ်အစိုးအဖွဲ့မှဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်နှင့်ချုပ်ဆိုခဲ့သည့် တာချီလိတ်ရေပေးဝေရေးလုပ်ငန်း အား တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက် အမည်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန် သဘော တူ ခွင့်ပြုကြောင်းတင်ပြထားပါသည်။

(ဂ) ကုမ္ပဏီမှ တာချီလိတ်မြို့ရှိ အောက်ဖော်ပြပါ ရပ်ကွက်ပေါင်း (၁၁)ကွက်သို့ ရေပေးဝေခြင်းနှင့် ရေမီတာခ ကောက်ခံခြင်း တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်-

(၁) ပုန်းထွန်ရပ်ကွက်
(၂) တာလေ့ရပ်ကွက်
(၃) ဝမ်းကောင်းရပ်ကွက်
(၄) မကာဟိုခမ်းရပ်ကွက်
(၅) ဆန်ဆိုင်း(က)ရပ်ကွက်
(၆) ဆန်ဆိုင်း(ခ)ရပ်ကွက်
(၇) မယ်ခေါင်ရပ်ကွက်
(၈) ရန်အောင်မြေရပ်ကွက်
(၉) ဝိန်းကျောက်ရပ်ကွက်
(၁၀) ပါဆတ်ရပ်ကွက်
(၁၁) ဟောင်လိတ်ရပ်ကွက်တို့ဖြစ်ပါသည်။

(ဃ)ပြည်ပမှ အောက်ဖော်ပြပါ ယာဉ်ယန္တရားများ အပါအဝင် အမေရိကန်ဒေါ်လာ ၈.၉၇၃ သန်းတန်ဖိုးရှိလုပ်ငန်းသုံး ပစ္စည်း များ တင်သွင်းမည်ဖြစ်ကြောင်း စိစစ်ရပါသည်-

စဉ်	အမျိုးအစား	အရေအတွက်(စီးရေ)
၁	Transporter(10 wheels)	၃
၂	Dump Truck	၁၁
၃	4 × 4 WD	၇

		(င) ကုမ္ပဏီ၏ဝင်ငွေ၊ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်နှင့် အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်းတို့မှာ ကုမ္ပဏီမှ တင်ပြချက်အရဖော်ပြထားခြင်းသာဖြစ်ပါသည်။ (စ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ အရလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ် မူတည်၍ ကနဦးနှစ် ၅၀ အထိခွင့်ပြုနိုင်ကြောင်းနှင့် ခွင့်ပြုထားသောသက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုသော ရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့် ၁၀ နှစ် နှစ်ကြိမ်တိုးမြှင့်နိုင်သည်ဟု ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၅(အ)/မ-၀၁၉/၂၀၁၆(၄၄၅)

ရက်စွဲ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၆ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီ နှင့် Tarchileik (Eastern Shan State),Water Supply Co., Ltd. တို့မှ B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Tarchileik (Eastern Shan State), Water Supply Co., Ltd. တို့သည် ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ပွေဟေးကျေးရွာအနီးရှိ မြေနေရာ (၃.၉၂) ဧကတွင် (Weir and Intake Structure) လုပ်ငန်းဖြစ်သည့် ရေကျော်ဆည်လုပ်ငန်းနှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ ဖတ်ဟိအပေါ်ရွာရှိ မြေနေရာ (၅.၂၀)ဧကတွင် (Water Treatment Plant) တည်ဆောက်ပြီး B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်းရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်နှင့်အညီ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ဟိန်းလင်းစံသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (ယခု Tarchileik (Eastern Shan State), Water Supply Co., Ltd.) တို့ချုပ်ဆိုထားသည့် B.O.T စာချုပ်နှင့် ကုမ္ပဏီရုံးခန်းငှားရမ်းခြင်းသဘောတူစာချုပ်တို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ အဆိုပြုလုပ်ငန်း၏ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး ၅၀ နှစ် ဖြစ်၍ ၁၀ နှစ် နှစ်ကြိမ်သက်တမ်းတိုးမည်ဖြစ်ပြီး မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၈.၉၇၃ သန်း အပါအဝင် စုစုပေါင်း ၁၆,၈၇၃.၀၀ ကျပ်သန်း ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ ၈.၉၇၃ သန်း တန်ဘိုးရှိ လုပ်ငန်းသုံး ယာဉ်၊ ယန္တရား၊ စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်		ကျပ်(သန်း)	US$(သန်း)	စုစုပေါင်းကျပ်(သန်း)
(က)	ငွေပမာဏ	၅,၅၈၄.၀၄၃	-	၅,၅၈၄.၀၄၃
(ခ)	စက်ပစ္စည်းတန်ဖိုးပမာဏ	-	၂.၄၈၂	၂,၉၇၉.၄၂၀
(ဂ)	အဆောက်အအုံ	၃၅၃.၆၂၆	-	၃၅၃.၆၂၆
(ဃ)	လုပ်ငန်းသုံးပစ္စည်းများ	၁၀.၈၀၀	-	၁၀.၈၀၀
(င)	မော်တော်ယာဉ်များ	-	၀.၃၇၂	၄၄၆.၅၈၄
(စ)	မြေ	၇၁.၀၀၀	-	၇၁.၀၀၀
(ဆ)	ပိုက်နှင့်ဆက်စပ်ပစ္စည်းများ	-	၆.၁၁၉	၇,၃၄၃.၈၉၆
(ဇ)	လက်မှတ်ထိုးသည့်အတွက်ဆုကြေး	၈၃.၆၃၀	-	၈၃.၆၃၀
	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	၆,၁၀၃.၀၉၉	၈.၉၇၃	၁၆,၈၇၃.၀၀၀

၄။ လုပ်ငန်းဆောင်ရွက်ရန် ပြည်တွင်းဝန်ထမ်း (၄၉)ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ၁၁၀,၀၀၀ ကျပ် ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ၅၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။ ပြည်ပဝန်ထမ်း ခန့်ထားခြင်းမရှိပါ။

၅။ အဆိုပြုလုပ်ငန်းမှ တစ်နေ့လျှင် ရေ ကုဗမီတာ ၁၀,၀၀၀ ဖြန့်ဖြူးပေးမည်ဖြစ်၍ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ခန့်မှန်းရေဝယ်ယူမည့် လူဦးရေ၊ တစ်လအသုံးပြုမည့်ယူနစ် နှင့် ဝန်ဆောင်ခနှုန်း(ကျပ်) တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ရေအသုံးပြုမည့်ခန့်မှန်း လူဦးရေ/တစ်လ	အသုံးပြုသည့် ယူနစ် /တစ်လ	တစ်ယူနစ် ဈေးနှုန်း(ကျပ်)	ဝင်ငွေ (ဆဋ္ဌမမြောက်နှစ်) (ကျပ်သန်း)
၇၅,၀၀၀	၄	၅၀၀	၁,၈၀၀

၆။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမနှစ်မြောက်)တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

	(ကျပ်သန်း)
- ဝင်ငွေ	၁,၈၀၀.၀၀
- အသုံးစရိတ်	၁,၄၇၄.၀၉
- အသားတင်အမြတ်	၃၂၅.၉၁

၇။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၁၀၈.၆၄ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၉၀.၀၀ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၂၀)နှစ် ဖြစ်၍ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ ၉.၉၁၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) **ရှမ်းပြည်နယ်အစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

Tachileik (Eastern Shan State) Water Supply Co., Ltd. မှ B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားခြင်း နှင့်ပတ်သက်၍ ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ၉-၈-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၂-၈/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၅(ဘ) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ခ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ခ)**

Tachileik (Eastern Shan State) Water Supply Co., Ltd. မှ B.O.T စနစ်ဖြင့် တာချီလိတ် မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် လုပ်ငန်းနှင့် ပတ်သက်၍ တည်ဆောက်မည့် Weir ၏ အမြင့်မှာ (၂) မီတာ ရှိပြီး Back Water Effect သက်ရောက်နိုင်မည့် အကွာအဝေးရှိ ကမ်းပါးသည် မြင့်မားသောကမ်းနှင့် တောင်ကုန်းများ သာရှိနေသဖြင့် ရေကြီးရေလျှံမှုအတွက် အကျိုးသက်ရောက်မှု မရှိနိုင်ပါသောကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ဂ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** **(နောက်ဆက်တွဲ-ဂ)**

အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Scocial Responsibility –CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်း အပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အဆိုပြုလွှာတွင် တင်ပြထားသည့်အတိုင်း ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (Environmental & Social Impact Assessment-ESIA)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန်၊ အထက်ပါ လေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှင့်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများ ရယူဆောင်ရွက်ရန်။ **(ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ESIA အစီရင်ခံစာရေးဆွဲတင်ပြထားပြီး ပတ်ဝန်းကျင် ထိန်းသိမ်း**

ရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြထားပါသည်။)

၉။ ငွေကြေးအထောက်အထားအဖြစ် KBZ Bank (Tachileik) ဘဏ်ခွဲ၌ မန်နေဂျင်း ဒါရိုက်တာ ဦးလောတာ အမည်ပါဝင်သည့် Bank Statement တွင် ၂၀၁၆ ခုနှစ်၊ ဇွန် လ ၈ ရက်နေ့ ရက်စွဲဖြင့် ကျပ်(-၁၂,၇၂၃,၆၈၁,၃၃၃.၇၆) ရှိကြောင်း တင်ပြထားပါသည်။

၁၀။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်းလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီးသတ်ဆေးဘူးများ ထားရှိမည်ဖြစ်ပြီး၊ အရေးကြီးသည့်နေရာများတွင် အလိုအလျောက်မီးငြိမ်းစေမည့် Auto Fair Ball, Sprinkler Smoke Detector များတပ်ဆင်ခြင်းတို့နှင့် ဝန်ထမ်းများအား မီးသတ်သင်တန်းပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၁။ တင်သွင်းမည့် စက်ပစ္စည်းများ၏ နမူနာပုံစံ၊ အလုပ်သမားသက်သာ ချောင်ချိရေးစီမံချက်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်မည့်အစီအစဉ်၊ စက်ရုံဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်မည့် အစီအစဉ်၊ လျှပ်စစ်ဓါတ်အားသုံးစွဲမှု အစီအမံတို့ကို တင်ပြထားပြီး လူမှုဘဝသာယာဝပြောရေး (Corporate Social Responsibility -CSR)အတွက် နှစ်စဉ်အသားတင်အမြတ် ၏ ၂ % ထားရှိ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် တင်ပြထားပါသည်။

၁၃။ အဆိုပြုလုပ်ငန်းအား အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန် လ ၂၀ ရက်နေ့ တွင် ကျင်းပပြုလုပ်သော (၂၃/၂၀၁၆)အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၄။ (က) တာချီလိတ်မြို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို အပိုင်း(၄) ပိုင်းခွဲခြား ဆောင်ရွက်မည်ဖြစ်ပြီး ပထမပိုင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခွင့် ရရှိခြင်းအတွက် ငွေကျပ်(၈၃၆.၃၀)သိန်းကို ကုမ္ပဏီမှ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ပေးသွင်းပြီးဖြစ်ကြောင်း၊ ကျန်အပိုင်းများကို ဆက်လက် ဆောင်ရွက်လျှင် အပိုင်း(၁) ပိုင်းချင်းစီအတွက် ကုန်ကျမည့်တန်ဖိုး၏(၁%)ကို ထပ်မံပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) ကုမ္ပဏီမှ ရေမီတာတစ်လုံးလျှင် ကာလတန်ဖိုး ကျသင့်ငွေဖြင့် ရေသုံးစွဲသူထံ တပ်ဆင်ပေးပြီး အသုံးပြုရေအတွက် တစ်ယူနစ်ဖြစ်သော (၁,၀၀၀) လီတာ (သို့မဟုတ်) (၂၂၀) ဂါလန်လျှင် ကျပ် (၅၀၀) နှုန်းဖြင့် ကောက်ခံမည်ဖြစ်ပြီး ပြောင်းလဲလာသောခေတ်ကာလအခြေအနေနှင့်အညီ လိုအပ်လာပါက ရေတစ်ယူနစ် သတ်မှတ်နှုန်းကို နှစ်ဖက်ညှိနှိုင်း၍ ပြင်ဆင်သတ်မှတ်မည်ဖြစ်ပါသည်။

(ဂ) ရေပေးဝေရေးလုပ်ငန်း စတင်သည့်နေ့မှစ၍ အရင်းကြေကာလမှာ (၂၀)နှစ်ဖြစ်၍ သတ်မှတ်အရင်းကြေကာလအတွင်း ကုမ္ပဏီမှ ရေသုံးစွဲခ ကောက်ခံရရှိသောဝင်ငွေ၏ (၅%) ကိုလည်းကောင်း၊ အရင်းကြေကာလ ကုန်ဆုံးပြီးနောက် ကျန်ကာလများအတွက် ရေသုံးစွဲခ ကောက်ခံရရှိသော ဝင်ငွေ၏ (၁၀%)ကိုလည်း တာချီလိတ်မြို့နယ်စည်ပင်

(ဃ) လုပ်ငန်းပြီးစီး၍ အပ်နှံခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှ လုပ်ငန်းသဘောတူစာချုပ်ပါ အတိုင်း မြို့ရေပေးဝေရေးလုပ်ငန်းများ စတင်ဆောင်ရွက်သည့် အချိန်မှစ၍ ဆောင်ရွက်လျက်ရှိသည့် တာချီလိတ်မြို့ ရေပေးဝေရေးလုပ်ငန်း (လုပ်ငန်းနှင့် ပတ်သက်သော အဆောက်အဦများ၊ စက်ကိရိယာများ၊ ရေလှောင်ကန်များ၊ ရေတာတမံနှင့် ရေယူအဆောက်အအုံများ၊ ရေဖြန့်ဝေစနစ်၊ ရေသုံးစွဲသူများစာရင်းစသည်)ကို တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးမည်ဖြစ်ပါသည်။

(င) အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့်မြေနေရာ နှင့်စပ်လျဉ်း၍ ရေကျော်ဆည် နှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မည့် မြေ (၃.၉၂) ဧကအား ဒေါ်အားချာထံမှ ဟိန်းလင်းစံ ကုမ္ပဏီကဝယ်ယူထားကြောင်း၊ Water Treatment Plant တည်ဆောက်မည့် မြေဧရိယာ (၅.၂၂)ဧကသည် ကွင်းပြင်ဒေသ၊ ဥယျာဉ်ခြံမြေ၍ ဦးလီးဖီးထံမှ ဟိန်းလင်းစံကုမ္ပဏီက ဝယ်ယူထား ကြောင်း၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့် နေရာများသည် ကွင်းပြင်ဒေသဖြစ်ပြီး စိုက်ပျိုးခြင်း မပြုနိုင်သည့် ချောင်းမြေနှင့် ကျန်အခြားမြေဖြစ်၍ နိုင်ငံတော်မှ စီမံခန့်ခွဲနိုင်သည့်မြေဖြစ်ကြောင်း၊ ကုမ္ပဏီမှ ရေပေးဝေဖြန့်ဖြူးရေး စီမံကိန်းအတွက် အဆိုပါ မြေနေရာ အသုံးပြုခွင့်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ မြေအသုံးပြုခွင့် တင်ပြထားပါသည်။

(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါနေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ကုမ္ပဏီမှ စီမံကိန်းစတင်မဆောင်ရွက်မီ ၂၀၁၂ ခုနှစ်၊ မြေယာလျှောက်ထားမှုတင်ပြစဉ်ကလည်းကောင်း၊ စီမံကိန်းစတင်ဆောင်ရွက်သည့် (၂၀-၃-၂၀၁၃)ရက် နေ့မှ ယနေ့အချိန်ထိ ဒေသခံပြည်သူများမှ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့နှင့်ပတ်သက်၍ ကန့်ကွက်ခြင်း မရှိခဲ့ကြောင်း၊ ဆောင်ရွက်မည့်နေရာများသည် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် လွတ်ကင်းမှုရှိကြောင်း၊ ဒေသခံပြည်သူများမှ လက်ရှိ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် လက်ခံနိုင်မှု ရှိပါကြောင်း တင်ပြထားပါသည်။

(ဆ) တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ခြင်း နှင့်စပ်လျဉ်း၍ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်တို့သည် လုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်အား ပြည်ထောင်စုရှေ့နေချုပ်ရုံး သဘောထားမှတ်ချက်နှင့်အညီ (၂၀-၂-၂၀၁၃) ရက်နေ့တွင် ချုပ်ဆိုခဲ့ကြောင်း၊ (၉-၉-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး အဆိုပြုလုပ်ငန်းအား တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက် အမည်ဖြင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်၍ ကုမ္ပဏီအမည် ပြင်ဆင်ထားသည့် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အား ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ထပ်မံပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားကြောင်း တင်ပြထားပါသည်။

စုရှေ့နေချုပ်ရုံးသို့ ထပ်မံပေးပို့၍ သဘောထားမှတ်ချက်တောင်းခံထားကြောင်း တင်ပြထားပါသည်။

(၈) ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့ရက်စွဲဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် ချုပ်ဆိုခဲ့သည့် တာချီလိတ်ရေပေးဝေရေး လုပ်ငန်းအား တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက် အမည်ဖြင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုရန် သဘောတူခွင့်ပြုကြောင်း တင်ပြထားပါသည်။

(၉) ပြည်ပမှ အောက်ဖော်ပြပါ ယာဉ်ယန္တရားများ အပါအဝင် အမေရိကန်ဒေါ်လာ ၈.၉၇၃ သန်း တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းဆောင်ရွက်မည်ဖြစ်ပြီး လူစီးမော်တော်ယာဉ်များအား အခွန်ပေးဆောင် တင်သွင်းရမည်ဖြစ်ပါသည်-

အမျိုးအစား	အရေအတွက်(စီးရေ)	ဈေးနှုန်း(US$)	စုစုပေါင်းတန်ဖိုး
Transporter(10 wheels)	၃	၂၇,၄၃၀	၈၂,၂၉၀
Dump Truck	၁၁	၂၀,၄၂၀	၂၂၄,၆၂၀
4 × 4 WD	၇	၉,၃၂၀	၆၅,၂၄၀

ဆုံးဖြတ်ရန်အချက်

၁၅။ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် Tarchileik (Eastern Shan State), Water Supply Co., Ltd. တို့မှ ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့တွင် B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်းကိစ္စအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

နောက်ဆက်တွဲ(က)

M4-857
23.8.16

(ရုံးတံဆိပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ ၈၆၉၈၀/၇ - ၂၁၆ / အစရ(ရှမ်း)
ရက်စွဲ ၊ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပေးပို့တင်ပြခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၁၁.၇.၂၀၁၆ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/မ-၀၁၉/၂၀၁၆(၃၇၇)

Q.1011
24.8.16

၁။ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Tarchileik (Easten Shan State) , Water Supply Co,ltd တို့သည် တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေပေါးကျေးရွာအနီးရှိ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေဧရိယာ(၃.၂၉)ဧကတွင် (Weir and Intake Structure)လုပ်ငန်းဖြစ်သည့် ရေကျော်ဆည်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ ဖတ်ဟိအပေါ်ရွာရှိ ဥယျာဉ်ခြံမြေဧရိယာ(၅.၁၂)ဧကတွင် (Water Treatment Plant) တည်ဆောက်ပြီး B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက် ခွင့်ပြုပါရန် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် Tarchileik (Easten Shan State) , Water Supply Co,ltdမှ အဆိုပြုတင်ပြလာခြင်းအပေါ် အောက်ပါအချက်များနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောထား မှတ်ချက်အား ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။
(ခ) ပြည်သူတို့၏လူမှုစီးပွားကို ထိခိုက်နိုင်မှုရှိ/မရှိ။
(ဂ) မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။
(ဃ) ဖော်ပြပါ မြေနေရာအား အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိ/မရှိ။
(င) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာဟုတ်/မဟုတ်။
(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သုံးသပ်အကြံပြုချက်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ တာချီလိတ်မြို့မှ ၂၇.၇.၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၅/၄၂-၁၇/ဦး ၆ (ခရိုင်စီ/ခန့်)ဖြင့် အောက်ပါအတိုင်း စိစစ်တင်ပြလာပါသည်-

(က) **ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ။** Tarchileik (Easten Shan State) , Water Supply Co,ltd သည် တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ပေါ့ပောကျေးရွာအနီးရှိ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေဧရိယာ(၃.၂၉) ဧက တွင် (Weir and Intake Structure)လုပ်ငန်းဖြစ်သည့် ရေကျော်ဆည် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ ဖတ်ဟိအပေါ်ရွာရှိ ဥယျာဉ်ခြံမြေဧရိယာ(၅.၁၂)ဧကတွင် (Water Treatment Plant) တည်ဆောက်ခြင်းတို့ပြုလုပ်ပြီး ရေအရင်းအမြစ်ဖြစ်သည့် မြို့၏အနောက်ဘက် ၉ မိုင်ခန့်ရှိ ဖလဲတောင်ခြေ၊ မဲဆိုင်န်ချောင်းရေအား ရေအရင်းအမြစ်ရယူပြီး မြို့ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ရေကျော်ဆည်ရေယူအဆောက်အဦ (Water Treatment Plant)တည်ဆောက်ခြင်းတို့ ပြုလုပ်မည့်နေရာများသည် လက်ရှိ မြို့မြေဧရိယာအတွင်းပါဝင်မှုမရှိသည့်အတွက် ယင်းနေရာများသည် လက်ရှိမြို့ဧရိယာ(၉)မိုင်ခန့် အလှမ်းကွာဝေးခြင်းတို့ကြောင့် လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်မှုမရှိပါ။ နောင်ပြုလုပ်မည့် မြို့ပြစီမံကိန်းအရလည်း ယင်းဧရိယာများသည် တောင်ကုန်း၊တောင်စောင်း၊လျှိုမြောင်းများရှိသည့်အတွက် မြို့ပြစီမံကိန်းဧရိယာအတွင်းထည့်သွင်းရေးဆွဲရန် အစီအစဉ်မရှိသည့်အတွက် နောင်လာမည့်မြို့ပြစီမံကိန်းကိုလည်းထိခိုက်မှုမရှိပါကြောင်း၊

(ခ) **ပြည်သူတို့၏ လူမှုစီးပွားရေးကို ထိခိုက်နိုင်မှုရှိ/မရှိ။** Tarchileik (Easten Shan State) Water Supply Co;Ltd မှ တာချီလိတ်မြို့တွင်း ရေပေးဝေရေးလုပ်ငန်းအား သဘာဝအားသုံးအလိုအလျောက် စီးဆင်းစေသော စနစ်ဖြင့် ဖြန့်ဝေပေးခြင်း၊ သဘာဝရေအရင်းအမြစ်မှ သန့်စင်၍ သန့်ရှင်းသောရေအား ဖြန့်ဖြူးမည်ဖြစ်သဖြင့် ပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေးအား ထိခိုက်နိုင်မှုမရှိပါ။ စက်ရုံများတည်ဆောက်မည့်နေရာများ၊ပိုက်လိုင်းသွယ်ယူမည့်နေရာများသည် ဒေသခံပြည်သူများ၏ စိုက်ပျိုးလုပ်ကိုင်သည့် ဧရိယာများနှင့် ကင်းလွတ်မှုရှိသဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားရေးကိုလည်း ထိခိုက်မှုမရှိပါကြောင်း၊

(ဂ) **မြို့နယ်ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်။** Tarchileik (Easten Shan State) Water Supply Co;Ltd မှ မြို့တွင်းရေပေးဝေရေးလုပ်ငန်းများစတင်ဆောင်ရွက်နေစဉ်ကာလအတွင်း ပညာရှင်များ၊ ဝန်ထမ်းများ၊ နေ့စား၊ လစားအလုပ်သမားများဖြင့်

ဆောင်ရွက်လျက်ရှိခြင်း၊ နောင်ရေဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာ၌လည်း လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်းအများအပြား လိုအပ်လာမည်ဖြစ်ခြင်း၊ ရေဖြန့်ဖြူးခြင်း လုပ်ငန်းနှင့်ဆက်နွယ်သည့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပေါ်ပေါက်လာနိုင်ခြင်းတို့ကြောင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေပါကြောင်း၊

(ဃ) **ဖော်ပြပါမြေနေရာအား အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ**။ Tarchileik (Easten Shan State) Water Supply Co;Ltd သည် စီမံကိန်းလုပ်ငန်းစတင် မဆောင်ရွက်မီ ၂၀၁၂ ခုနှစ် မြေယာလျှောက်ထားမှု တင်ပြစဉ်ကလည်းကောင်း၊စီမံကိန်းလုပ်ငန်းစတင်ဆောင်ရွက်သည့် (၂၀.၃.၂၀၁၃) ရက်နေ့မှ ယနေ့အချိန်ထိ လည်းကောင်း၊ ဒေသခံပြည်သူများမှ လူမှုရေး၊စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ခဲ့ခြင်း မရှိကြောင်း စိစစ်သိရှိရပါသည်။ ၎င်းအပြင် မြေရာဇဝင်စိစစ်တင်ပြစဉ်က ဆောင်ရွက်မည့်နေရာများသည် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် လွတ်ကင်းမှုရှိကြောင်း တင်ပြထားရှိပြီးဖြစ်ခြင်း၊ ရေကျော်ဆည်နှင့်ရေယူ အဆောက်အဦတည်ဆောက်မည့်နေရာအနီး ကုမ္ပဏီမှရေဝေရေလဲတောဧရိယာ အဖြစ်(၇၀၀)ဧကခန့်အား ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်ပါရှိခြင်း တို့ကြောင့် ဒေသခံပြည်သူများမှ လက်ရှိရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခြင်း အပေါ် လက်ခံနိုင်မှုရှိပါကြောင်း၊

(င) **လုပ်ငန်းဆောင်ရွက်နိုင်မည့်မြေနေရာဟုတ်/မဟုတ်**။ Tarchileik (Easten Shan State) Water Supply Co;Ltd မှ ရေကျော်ဆည်တည်ဆောက်ခြင်းနှင့်ရေယူ အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းအား (၁၀၀)ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး ပြီးဖြစ်ခြင်း၊(Water Treatmant Plant) တည်ဆောက်ခြင်းလုပ်ငန်းအား(၆၀) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ လုပ်ငန်းများ အောင်မြင်သည်အထိ ဆောင်ရွက်နိုင်မည့်နေရာဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ရှမ်းပြည်နယ်အစိုးရအနေဖြင့် Tarchileik (Easten Shan State) Water Supply Co;Ltdမှရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုသုံးသပ်တင်ပြအပ်ပါသည်-

(က) Tarchileik (Easten Shan State) Water Supply Co;Ltd မြို့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်မည့်နေရာများသည် နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်မှုမရှိဘဲ သဘာဝဖိအားသုံး အလိုလျောက်စီးဆင်းစေသော စနစ် အား အသုံးပြု၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်၍ စက်ယန္တရားကြီးများအား

အသုံးပြုပြီးနေ့စဉ်လည်ပတ်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆူညံမှုများ၊ အနံ့ဆိုးများ မှ ကင်းဝေးသည့်အတွက် ပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမရှိနိုင်ကြောင်း၊

(ခ) ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားရေးကို ထိခိုက်နိုင်မှုမရှိဘဲ သဘာဝစီးဆင်းလျက်ရှိသော ရေအရင်းအမြစ်အား သန့်စင်ပြီး ပြန်လည်ဖြန့်ဖြူး ပေးမည့် အစီအစဉ်ဖြစ်၍ ဒေသခံ ပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်ရေ/ သုံးရေ ရရှိစေနိုင်ခြင်းတို့ကြောင့် ပြည်သူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း မရှိကြောင်း၊

(ဂ) မြို့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သော ဝန်ထမ်းများ၊ နေ့စား၊ လစားဝန်ထမ်းများ ခန့်ထားခြင်းဖြင့် ဒေသနေပြည်သူများသို့ အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်ခြင်း၊လုပ်ငန်းတစ်ခုလုံးပြီးစီးပါကကုမ္ပဏီမှ ပထမအဆင့် အနေဖြင့် လူဦးရေ ၁ သိန်းအတွက် ရေမပမာဏ ဒေသစံနှုန်းဖြင့်ရေ ဂါလံ ၂ သန်း မီးငြိမ်းသတ်ရေးနှင့်အရေးပေါ် လိုအပ်ချက်များအတွက် အရံရေဂါလံ (ဝ.ဝ၂)သန်း ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည့်အတွက် တာချီလိတ်မြို့လူထု လူဦးရေ(၄၅၂၈၁) အတွက်ရေဖူလုံမှုရာခိုင်နှုန်း ၂၂ဝ.၈၄ ဖြစ်ပေါ်လာနိုင်သဖြင့် လူထုနှင့်ပတ်သက်ပြီး ရေရှားပါးမှုအန္တရာယ်၊ မီးဘေးလုံခြုံရေးအတွက်မှ ကင်းဝေးနိုင်မည်ဖြစ်သည့် အတွက်ဒေသနေပြည်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း

(ဃ) ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မှုအပေါ် ဒေသခံများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်မှုရှိခြင်း၊Tarchileik (Easten Shan State) Water Supply Co;Ltd မှ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မည့် တင်ပြပါမြေနေရာသည် လုပ်ငန်းဆောင်ရွက်ရန်အတွက် သင့်တော်သည့် မြေနေရာ/ အကျယ်အဝန်းဖြစ်ခြင်းတို့ကြောင့် ရေပေးဝေရေးလုပ်ငန်းအား မြန်မာနိုင်ငံသား များရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုမည်ဆိုပါက ကုမ္ပဏီအနေဖြင့် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့လာစေနိုင်ခြင်း၊ လက်ရှိ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်စောစွာ ပြီးစီးလာစေနိုင်ခြင်း၊ လုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖြစ်ပေါ်လာစေနိုင်ခြင်း၊ တာချီလိတ်မြို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေနိုင်ကြောင်း၊

၄။ သို့ဖြစ်ပါ၍ Tarchileik (Easten Shan State) Water Supply Co;Ltd မှ B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေ ဖြန့်ဖြူးခြင်းလုပ်ငန်းအား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဒေသခံ များက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ကိုင်ဆောင်ရွက်

ခွင့်ပြုမည်ဆိုပါက ၉.၈.၂၀၁၆ရက်တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေးအမှတ်စဉ် (၂-၈/၂၀၁၆)ဆုံးဖြတ်ချက် အပိုဒ် ၅(ဘ) အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါသည်။

12.8.16

ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား)

(စိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး)

မိတ္တူကို

ရှမ်းပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံမြို့

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တာချီလိတ်မြို့

လက်ခံစာတွဲ/မျှောစာတွဲ

M4-817
8.8.16

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ပဆ-(၃)/(သဘောထား-DWIR)/၂၀၁၆(၃၇)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက- ၅ (အ) / မ-၀၁၉ / ၂၀၁၆ (၃၅၂)

(၂) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏(၂၉.၆.၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ပဆ - (၃) / (သဘောထား-DWIR)/၂၀၁၆(၁၄၀)

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁.၇.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/မ-၀၁၉/၂၀၁၆(၃၇၆)

(၄) တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး ကုမ္ပဏီလီမိတက်၏ (၁၄.၇.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၉၈ / တခလ / ရပ၀ရ / ၂၀၁၆

၉.၉၅၂
၅-၈-၁၆

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီ နှင့် Tarchileik (Eastern Shan State), Water Supply Co., Ltd. တို့မှ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေပေါးကျေးရွာအနီးရှိ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေဧရိယာ (၃.၉၂)ဧကတွင် (Weir and Intake Structure) လုပ်ငန်းဖြစ်သည့် ရေကျော်ဆည် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံ တည်ဆောက်ခြင်း၊ ဖက်ဟိအပေါ်ရွာရှိ ဥယျာဉ်ခြံမြေဧရိယာ(၅.၂၁)ဧကတွင် (Water Treatment Plant) တည်ဆောက်ပြီး B.O.T စနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းနှင့် ပတ်သက်၍ တည်ဆောက်မည့် Weir ၏ အမြင့်မှာ (၂)မီတာရှိပြီး Back Water Effect သက်ရောက်နိုင်မည့် အကွာအဝေးရှိ ကမ်းပါးသည် မြင့်မားသောကမ်းနှင့် တောင်ကုန်းများသာရှိနေသဖြင့် ရေကြောင်းရေလှိုင်းမှုအတွက် အကျိုးသက်ရောက်မှုမရှိနိုင်ပါသောကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
သက်ထွန်း - ဒုတိယအမြဲတမ်းအတွင်းဝန်

မိတ္တူကို -

- ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
- တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီ
- Tarchileik (Eastern Shan State), Water Supply Co., Ltd.

\\Moldata\d\Thabawthar\Thabawthar(Rep).doc

နောက်ဆက်တွဲ(ဂ)

M4-720
30.6.16

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ စာအမှတ်
ရက်စွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

ရန်ကုန်မြို့

စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၁၈၈ / ၁၆)

ရက် စွဲ ၊၂၀၁၆ခုနှစ် ဇူလိုင် လ ၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Tarchileik (Eastern Shan State), Water Supply Co.,Ltd မှ B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၆-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ မ-၀၁၉/ ၂၀၁၆(၃၄၅)

၁။ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် Tarchileik (Eastern Shan State),Water Supply Co.,Ltdတို့သည် ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေဟေးကျေးရွာအနီးရှိ၊ နိုင်ငံတော်ကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေဧရိယာ (၃.၉၂)ဧကတွင် (Weirand Intake Structure)လုပ်ငန်းဖြစ်သည့် ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံတည်ဆောက်ခြင်း၊ ဖက်ဟိအပေါ်ရွာရှိ ဥယျာဉ်ခြံမြေဧရိယာ(၅.၂၁)ဧကတွင် (Water Treatment Plant)တည်ဆောက်ပြီး B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍စိစစ်ပြီးသဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့်(၁၀)နှစ်သက်တမ်းတိုး(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ (၁)နှစ်ဖြစ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးနှင့် သာယာပျော်ရွှင်ရေးအစီအမံများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအစီအစဉ်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏(၂%)အား လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate

Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (Environmental & Social Impact Assessment-ESIA) အား Green Myanmar Environmental Services Co.,Ltd နှင့် အပ်နှံလုပ်ဆောင်လျက်ရှိကြောင်းဖော်ပြပါရှိပါသည်။

၃။ Tarchileik (Eastern Shan State), Water Supply Co.,Ltdမှ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဆည်တည်ဆောက်ခြင်းနှင့် ရေယူအဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်းများကြောင့် မယ်ဆိုင်ချောင်း၏ရေစီးခံခန့်ခွဲမှုနှင့်ရေဂေဟစနစ်များထိခိုက်ပျက်စီးစေနိုင်ခြင်း၊ ရေမြုပ်ဧရိယာအတွင်းရှိ သစ်ပင်သစ်တောများ၊ လယ်မြေများ၊ ဂေဟစနစ်များထိခိုက်ပျက်စီးစေနိုင်ခြင်း၊ မြို့တွင်းရေပေးဝေခြင်းအတွက် ရေပိုက်များသွယ်တန်းရာတွင် လူနေရပ်ကွက်များ၊ ကာလမ်းများအားဖြတ်သန်းဖောက်လုပ်ရမည်ဖြစ်ပြီး၊ ဘုရားပုထိုးစေတီသာသနိကအဆောက်အအုံများ၊ ယဉ်ကျေးမှုအမွေအနှစ်များအားထိခိုက်အကျိုးသက်ရောက်စေနိုင်ခြင်း၊ ရေအရင်းအမြစ်ရယူမည့်မယ်ဆိုင်ချောင်း၏ရေအရည်အသွေးအား ပုံမှန်စစ်ဆေးမှုမရှိခြင်းနှင့်ရေသန့်စင်စက်ရုံများတွင် စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျသန့်စင်ခြင်းများဆောင်ရွက်ခြင်းမရှိပါက ပြည်သူလူထု၏ကျန်းမာရေးအား ထိခိုက်စေနိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Tarchileik (Eastern Shan State), Water Supply Co.,Ltd မှ B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား

အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အဆိုပြုလွှာတွင် တင်ပြထားသည့်အတိုင်း ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (Environmental & Social Impact Assessment-ESIA)အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) အထက်ပါလေ့လာဆန်းစစ်မှုရလဒ်များကို အခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများ အတွက်သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan - **EMP**)အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
	Tarchileik (Eastern Shan State), Water Supply Co., Ltd.	(၁) ဦးလောတာ ဥက္ကဋ္ဌ ၁၃/တခလ (နိုင်) ၀၂၅၉၅၉	အမှတ် (၁/၃)၊ စိန်ပန်းလမ်း၊ ဝမ်းကောင်းရပ်ကွက်၊ တာချီလိတ် မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
		(၂) ဦးချစ်ကျော် မန်နေဂျင်းဒါရိုက်တာ ၁၃/တခလ (နိုင်) ၀၂၆၄၅၁	စန်းလုအပေါ်ရွာ၊ လွယ်တော်ခမ်းအုပ်စု၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
		(၃) ဦးလီထူ ဒါရိုက်တာ ၁၃/တခလ (နိုင်) ၀၁၄၅၀၅	အမှတ် (၃/၁၅)၊ ဂေါက်ကွင်းလမ်း၊ ဆမ်းဆိုင်းအောက်ရပ်ကွက်၊တာချီလိတ်မြို့နယ်၊ရှမ်းပြည်နယ်အရှေ့ပိုင်း
		(၄) ဦးလီဖီး ဒါရိုက်တာ ၁၃/တခလ (နိုင်) ၀၅၄၆၆၆	အမှတ် (၃/၁၂)၊ ဂေါက်ကွင်းလမ်း၊ ဆမ်းဆိုင်းအောက်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
		(၅) ဦးဆာဖာ ဒါရိုက်တာ ၁၃/တခလ (နိုင်) ၀၁၃၂၉၆	အမှတ် (၃/၁၄)၊ ဂေါက်ကွင်းလမ်း၊ ဆမ်းဆိုင်း အောက်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ရှမ်းပြည်နယ်အရှေ့ပိုင်း
		(၆) ဦးအိုက်ပွတ် ဒါရိုက်တာ ၁၃/တခလ (နိုင်) ၀၁၂၀၅၀	အမှတ် (၁/၄၃)၊ ပြည်ထောင်စုလမ်းမကြီး၊ ပါဆမ်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ရှမ်းပြည်နယ်အရှေ့ ပိုင်း
		(၇) ဦးထွန်းထွန်းနိုင် ဒါရိုက်တာ ၁၃/ပဘတ (နိုင်) ၀၀၂၅၉၂	အမှတ်(၉၈)၊ ကုန်ဈေးတန်းလမ်းရပ်ကွက်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉-၅၁၀၃၃၇၀

၂။ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ - အမှတ်(၉၈)၊ကုန်ဈေးတန်းလမ်းရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန် မြို့

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး - ဦးထွန်းထွန်းနိုင်(ဒါရိုက်တာ)

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

စဉ်		Myanmar Tap Water Co., Ltd.	Aqua Pura Co., Ltd.	Tarchileik (Eastern Shan State), Water Supply Co., Ltd.
၁။	လုပ်ငန်းအဆိုပြုသူ အမည်	Mr. ChaiwatUtaiwan (Thailand)	ဦးအေးထွန်းအောင် မန်နေဂျင်းဒါရိုက်တာ	ဦးလောတာ အုပ်ချုပ်မှုဒါရိုက်တာ
၂။	ရင်းနှီးမြှုပ်နှံမှုပုံစံ	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု	မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
၃။	အဆိုပြုလုပ်ငန်းအမျိုးအစား	အတ္တရံမြစ်မှမြစ်ရေကိုသန့်စင်၍ ဖြန့်ဝေခြင်းလုပ်ငန်း	B.O.T စနစ်ဖြင့် ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံတည်ဆောက်ပြီးမုံရွာမြို့သုံးရေဖြန့်ဖြူးခြင်းလုပ်ငန်း	B.O.Tစနစ်ဖြင့် တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်း
၄။	လုပ်ငန်းတည်နေရာ/ မြေအကျယ်အဝန်း	မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာယာအေးရပ်၊ အမှတ် ၁၁၊ ဦးပိုင်အမှတ် (၁၃၂၆)၊ လှိုင်ဈေးလမ်းရှိမြေ ၄.၅၉၁ ဧက၊ မော်လမြိုင်မြို့၊ လှိုင်ရပ်၊ အမှတ် ၁၉၊ ဦးပိုင်အမှတ် (၁၆)၊ မြို့ရှောင်လမ်းရှိမြေ ၀.၉၁၆ ဧက၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဦးပိုင်အမှတ် ၂၁(က)၊ ၂၂၊ ၂၃(က)၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရှိမြေ ၀.၇၅၁ ဧကတို့အားငှားရမ်း၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ (မြေကွက် (၃)ကွက်ရှိစုစုပေါင်းမြေဧရိယာ (၆.၂၅၈)ဧကကို B.O.T စနစ်ဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသည်။)	အမှတ်-၆၆၊ ကွင်းအမှတ်-၆၇၉၊ ကမ်းနားလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့ ချင်းတွင်းမြစ်ရေတင်စက်ရုံမြေနေရာ၏(၁.၄၈) ဧက	ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်ကော်ခမ်းကျေးရွာအုပ်စု၊ ဟွေ့ပေါးကျေးရွာအနီးရှိမြေ (၃.၉၂)ဧကနှင့် ဖက်ဟိအပေါ်ရွာရှိမြေ (၅.၂၁)ဧက
၅။	မြေပိုင်ဆိုင်မှု	မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေဖြစ်ပါသည်။	မုံရွာစည်ပင်သာယာရေးအဖွဲ့မှ လယ-၃၀လျှောက်ထားဆဲဖြစ်ပါသည်။	ရေကျော်ဆည်လုပ်ငန်းနှင့်ရေယူအဆောက်အအုံတည်ဆောက်မည့်မြေ (၃.၉၂) ဧကသည် နိုင်ငံတော်မှ စီမံခန့်ခွဲနိုင်သည့် မြေအမျိုးအစားဖြစ်ကြောင်း၊ Water Treatment Plant တည်ဆောက်မည့် မြေဧရိယာ (၅.၂၁)ဧကသည် ကွင်းပြင်ဒေသ၊ ဥယျာဉ်ခြံမြေ၍ ဦးသီးဖိုးထံမှဟိန်းလင်းစံကုမ္ပဏီကဝယ်ယူထားကြောင်း၊ ကုမ္ပဏီမှ ရေပေးဝေဖြန့်ဖြူးရေးစီမံကိန်းအတွက် အဆိုပါမြေနေရာများ အသုံးပြုခွင့်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ မြေအသုံးပြုခွင့်တင်ပြထားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှအဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်ရန်မရှိကြောင်းသဘောထားမှတ်ချက်ပြန်ကြားထားပါသည်။

စဉ်		Myanmar Tap Water Co., Ltd.	Aqua Pura Co., Ltd.	Tarchileik (Eastern Shan State), Water Supply Co., Ltd.
၆။	B.O.T စာချုပ်သက်တမ်း	၃၀ နှစ်	ကနဦး၅၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)	ကနဦး၅၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)
၇။	မြေငှားစာချုပ် သက်တမ်း	၃၂ နှစ် ၆ လ	ကနဦး၅၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)	-
၈။	နှစ်စဉ်မြေငှားရမ်းခ	မြေငှားရမ်းခအားအောက်ပါအတိုင်းပေးချေမည်ဖြစ်ပါသည်- - ပထမနှစ် မှ ၅ နှစ် မြောက်အထိ အတွက် တစ်လလျှင်ကျပ် ၂၀၀,၀၀၀(ကျပ်နှစ်သိန်း)နှုန်း။ (အခွန်အခ အားလုံး အပါအဝင်) - ၆ နှစ်မြောက် မှ ၁၀နှစ်မြောက်အထိအတွက် တစ်လလျှင် ကျပ် ၃၀၀,၀၀၀(ကျပ်သုံးသိန်း) နှုန်း။ (အခွန်အခအားလုံးအပါအဝင်) - ၁၁ နှစ်မြောက်အတွက် တစ်လလျှင် ကျပ် ၅၀၀,၀၀၀ (ကျပ်ငါးသိန်း)နှုန်း(အခွန်အခအားလုံးအပါအဝင်)ဖြစ်၍ ၁၂ နှစ် မြောက်မှစ၍ ငှားရမ်းကာလကုန်ဆုံးသည်အထိဗဟိုဘဏ်မှထုတ်ပြန်သောငွေကြေးဖောင်းပွမှုနှုန်းအရငှားရမ်းသူနှင့်ငှားယူသူတို့ ဆွေးနွေး၍ ငှားရမ်းခနှုန်းကိုသတ်မှတ်မည် ဖြစ်ပါသည်။	မြေဧရိယာ (၁.၄၈)ဧက မြေအသုံးပြုခြင်းအတွက် နှစ်စဉ် မြေငှားရမ်းခမှာကျပ် ၃,၆၀၀,၀၀၀ (ကျပ်သုံးဆယ်ခြောက် သိန်းတိတိ)ဖြစ်သည်။	-
၉။	ရင်းနှီးမြှုပ်နှံမှုသက်တမ်း	၃၃ နှစ် ၆ လ (၁၀ နှစ် နှစ်ကြိမ်သက်တမ်းတိုး)	ကနဦး၅၀ နှစ်(သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)	ကနဦး ၅၀နှစ်(သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ်)
၁၀။	ရင်းနှီးမြှုပ်နှံမှုပမာဏ	အမေရိကန်ဒေါ်လာ ၁၂.၀၀ သန်း	ကျပ် ၇၃၆၀ သန်း	ကျပ် ၆၅၈,၇၃ သန်း
၁၁။	တည်ဆောက်ရေးကာလ	၃၀ လ	၁၈ လ	၁ နှစ်
၁၂။	အသားတင်အမြတ် (၆) နှစ်မြောက်	US$ ၀.၆၄၅သန်း	ကျပ် ၃၆၈.၆၅သန်း	ကျပ် ၃၂၅.၉၁ သန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၁၄ - ၄၂ /နပတ(၄၇၇)

ရက်စွဲ၊၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

အကြောင်းအရာ။ **တာချီလိတ်မြို့တွင်း ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း သဘောတူစာချုပ်အား စိစစ်ပေးရန်ကိစ္စ**

ရည် ညွှန်း ချက် ။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၏ ၁၁-၉-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၁၃-၁/ ၇-၂/ဥပခ(ရှမ်း)(၇၀၅)

၁။ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုမည့် တာချီလိတ်မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း သဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ် (မူကြမ်း) အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ် ၂ တွင် "လုပ်ငန်းလက်ခံသူသည် မြေကို တရားဝင်ပိုင်ဆိုင်၍.........." ဟု ဖော်ပြထားပြီး စာချုပ်(မူကြမ်း) အပိုဒ် ၃ တွင် "လုပ်ငန်းလက်ခံသူက စာချုပ်သက်တမ်းကုန်ဆုံးပါက ငှားရမ်းထားသည့် မြေများနှင့် မြေပေါ်ရှိ လုပ်ငန်းလက်ခံသူ တည်ဆောက်အကောင်အထည်ဖော်ထားသည့် ပစ္စည်းများနှင့် လုပ်ငန်းအားလုံးကို လုပ်ငန်းအပ်နှံသူသို့ ပြန်လည်လွှဲပြောင်းပေးရမည်" ဟု ဖော်ပြထားပါသည်။ သို့ပါ၍ လုပ်ငန်း

လုပ်ကိုင်မည့် မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ စာချုပ်(မူကြမ်း) ပါစည်းကမ်းချက်များ ကွဲလွဲနေသောကြောင့် ဌာနမှ ပြန်လည်စိစစ်ရန် ဖြစ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း)အပိုဒ် ၃ တွင် စာချုပ်သက်တမ်းတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ (၅)နှစ် (၃+၁+၁) ဟု ဖော်ပြထားချက်မှာရှင်းလင်းမှုမရှိသဖြင့် ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း)အပိုဒ် ၄ "လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် ငွေပေးသွင်းခြင်း" ခေါင်းစဉ်အား "လက်မှတ်ရေးထိုးသည့်အတွက် ဆုကြေးငွေ (Singnature Bonus)" ဟု ယူဆပါသဖြင့် ပြင်ဆင်ရေးသားပေးလိုက်ပါသည်။ ဌာန၏ ဆိုလိုချက်နှင့် ကိုက်ညီမှုရှိ မရှိ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း)အပိုဒ် ၄ တွင် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခြင်းအတွက် ပေးသွင်းရမည့်ငွေကိုကွက်လပ်ဖြင့် ဖော်ပြထားသဖြင့် စာချုပ်ချုပ်ဆိုခြင်း မပြုမီ ပေးသွင်းရမည့် ငွေပမာဏအားတိကျစွာ ဖော်ပြရန်လိုအပ်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ (ဃ) တို့တွင် "စာချုပ်၏ နောက်ဆက်တွဲများ" ဟု ဖော်ပြပါရှိသော်လည်း စာချုပ်(မူကြမ်း) တွင် နောက်ဆက်တွဲများ၊ ပူးတွဲပုံစံများပါရှိလာခြင်းမရှိ၍ စိစစ်နိုင်ခြင်းမရှိပါ။ မြေပုံများသည် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနက တရားဝင်ရေးဆွဲထားသော မြေပုံဖြစ်ရန်လိုအပ်ပါသည်။ နောက်ဆက်တွဲများသည် စာချုပ်၏ တစ်စိတ် တစ်ဒေသဖြစ်သဖြင့် နောက်ဆက်တွဲပါ ဖော်ပြချက်များသည် စာချုပ် စည်းကမ်းများနှင့် ဆန့်ကျင်မှုမရှိစေရန် ဌာနမှ တာဝန်ယူ စိစစ်ရန်ဖြစ်ပါသည်။ နောက်ဆက်တွဲများသည် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးသောအခါ တွင် ပြည့်စုံစွာ ပူးတွဲပါရှိရန်လိုအပ်ပါသည်၊

(စ) စာချုပ်(မူကြမ်း)အပိုဒ် ၇၊ လုပ်ငန်းတည်နေရာနှင့် အကျယ်အဝန်းတွင် လုပ်ငန်းတည်နေရာအား မြေဧရိယာအကျယ်အဝန်း၊ တည်နေရာအတိအကျ ဖော်ပြထားခြင်းမရှိသဖြင့် နောက်ဆက်တွဲ မြေပုံနှင့်တကွ တည်နေရာအတိအကျကို ဖော်ပြရန်လိုအပ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)အပိုဒ် ၉၊တည်ဆောက်ရေးကာလတွင် "လုပ်ငန်းစတင်ရန် သတ်မှတ်သည့်နေ့မှစ၍ (၃)နှစ်အတွင်း အပြီးတည်ဆောက်သွားမည်" ဟု ဖော်ပြထားပါသည်။ လုပ်ငန်းစတင်ရန် သတ်မှတ်သည့်နေ့နှင့် စပ်လျဉ်း၍ စာချုပ်(မူကြမ်း) တွင် တိကျသော သတ်မှတ်ချက်မပါရှိသောကြောင့် နောင်အငြင်းပွားမှု မဖြစ်ပေါ်စေရန် မည်သည့်နေ့ရက်ဖြစ်ကြောင်း တိကျစွာ သတ်မှတ်ဖော်ပြရန် လိုအပ်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း)အပိုဒ် ၁၁၊ လုပ်ငန်းပြီးစီးရန်ဆောင်ရွက်မှုအတွက် အာမခံထားရှိခြင်းတွင် အာမခံပစ္စည်းများရယူထားကြောင်း တွေ့ရှိရပါသည်။ အာမခံပစ္စည်းရယူခြင်းမှာ အရှုပ်အရှင်းပေါ်ပေါက်နိုင်၍ အာမခံအဖြစ် ပစ္စည်းရယူခြင်းထက် အာမခံကို ငွေဖြင့်ရယူပါက ပိုမိုသင့်လျော်မည်ဟု ယူဆပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ လုပ်ငန်းလက်ခံသူ၏ တာဝန်များ၊ အပိုဒ်ခွဲ (ဂ) တွင် "ရေပေးဝေသည့် လုပ်ငန်းစတင်သည့်နေ့မှစ၍ (၅)နှစ်တာကာလအထိ လုပ်ကိုင်ခွင့် ရရှိသူအပေါ် အရပ်ရပ်သော အခွန်ကင်းလွတ်ခွင့် ကာလအဖြစ် သတ်မှတ်ပေးပါရန် တင်ပြသွားမည်ဖြစ်ပါသည်"ဟု ဖော်ပြထားပါသည်။ အခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ လုပ်ငန်းလက်ခံသူ၏တာဝန်များ၊ အပိုဒ်(ဠ)တွင် ရှင်းလင်းဆောင်နှင့်စပ်လျဉ်း၍ ဖော်ပြထားချက်မှာ ရှင်းလင်းမှုမရှိသဖြင့် ရှင်းလင်းစွာဖော်ပြသင့်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) အပိုဒ် ၁၂၊ လုပ်ငန်းလက်ခံသူ၏ တာဝန်များ၊ အပိုဒ် (ဍ) တွင် အခွန်ငွေပေးသွင်းမည့်ကိစ္စအားဖော်ပြထားပါသည်။ အခွန်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနနှင့် ညှိနှိုင်းရန်ဖြစ်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း) အပိုဒ် ၁၅၊ လုပ်ငန်းအပ်နှံသူ၏ အကျိုးခံစားခွင့်တွင် ရေသုံးစွဲခဝင်ငွေ၏ ၅%ကိုလည်းကောင်း၊ ၁၀% ကို လည်းကောင်း ဟု ဖော်ပြထားရာ ရေသုံးစွဲခဝင်ငွေမည်မျှရှိသည်ကို သိရှိရေးအတွက် ဌာနမှ ဆောင်ရွက်ထားရန် လိုအပ်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း) အပိုဒ် ၂၁၊ အထွေထွေသဘောတူညီချက်များ၊ အပိုဒ်ခွဲ (က) တွင်လုပ်ငန်းခွင့်ပြုသူဘက်မှ လုပ်ငန်းလွှဲပြောင်းစေခြင်း၊ လုပ်ငန်းခွဲလုပ်ကိုင်စေခြင်း၊ လုပ်ငန်းဆိုင်းငံ့စေခြင်း၊ ရပ်တန့်စေခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်ခွင့်ရှိမည်မဟုတ်ကြောင်း စည်းကမ်းချက်ကိုဌာနမှ သတိပြုရန်ဖြစ်ပါသည်၊

(ပ) စာချုပ်(မူကြမ်း) အပိုဒ် ၂၁၊ အထွေထွေအဘောတူညီချက်များ၊ အပိုဒ်ခွဲ(ခ) တွင် ပျက်ကွက်မှုမရှိသရွေ့ဟူသော စည်းကမ်းထက် တစ်ကြိမ်လျှင် (၅)နှစ်စီ ဖြင့် အကြိမ်မည်မျှ ခွင့်ပြုမည်ကို ဖော်ပြသင့်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း) အပိုဒ် ၂၅၊ အပိုဒ် ၂၆ တွင် အခြား ပုဂ္ဂိုလ်များနှင့် အငြင်းပွားမှုဖြေရှင်းရန်ကိစ္စများကို ဖော်ပြထားချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ

ဥပဒေများနှင့်အညီသာလျှင် ဖြေရှင်းသင့်သည်ဟု ယူဆပါသဖြင့် ယင်းအပိုဒ် ၂၅၊ ၂၆ အား စာချုပ်တွင် ပယ်ဖျက်သင့်သည်ဟု ယူဆပါသည်၊

(တ) စာချုပ်(မူကြမ်း) အပိုဒ် ၂၇ တွင် လုပ်ငန်းတစ်ခုလုံးအား တစ်ဆင့်တာဝန်ပေးအပ်ခြင်းမပြုရဟု ရေးသားဖော်ပြထားရာ လုပ်ငန်းတစ်စိတ်တစ်ဒေသပါ မပါ ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ထ) လိုအပ်သောနေရာများတွင် မင်နီဖြင့် ပြင်ဆင် ဖြည့်စွက် ရေးသားပေးလိုက်ပါသည်။

၃။ စာချုပ်(မူကြမ်း)အပိုဒ် ၇ လုပ်ငန်းတည်နေရာနှင့် အကျယ်အဝန်းတွင် "မယ်ဆိုင်နဲ့ချောင်းများတွင် ရေကျော်ဆည်တည်ဆောက်ပြီး----------" ဟု ဖော်ပြထားပါသည်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၀ တွင် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများနှင့် ကမ်းပါးနယ်၊ ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ မြစ်ရေထုတ်နုတ်သုံးစွဲခြင်း၊ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်းပြုလုပ်လိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများမထိခိုက်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ကိုရယူပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ ဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သည် ဥပဒေအရ တရားဝင်ဖွဲ့စည်းထားသောကုမ္ပဏီ ဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကိုလုပ်ကိုင် နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင်လက်မှတ်ရေးထိုးမည့်သူသည်တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည်တို့နှင့် စပ်လျဉ်း၍ ကြိုတင်စိစစ်ရန်လိုအပ် မည်ဖြစ်ပါသည်။

၆။ ဤ စာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(signature) ၅.၁၀.၁၂

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ခင်မောင်ဦး၊ ညွှန်ကြားရေးမှူး)

ပြည်နယ်ဥပဒေအရာရှိ
ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး
တောင်ကြီးမြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများ
ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရာ၌ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့်
လိုက်နာဆောင်ရွက်ရန်

အဆိုပြုချက်

Water Supply Company Limited
Tachileik (Estern Shan State)
MYANMAR

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး ကုမ္ပဏီလီမိတက်

PROPOSAL OF THE INVESTOR TO MARK MYANMAR CITIZENS INVESTMENT IN THE UNION OF MYANMAR

TACHILEIK (EASTERN SHAN STATE), WATER SUPPLY COMPANY LIMITED

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
တောင်ကြီးမြို့
စာအမှတ်၊ ၂၈၅၇/ ဂ - ၄ / ရပစ(၀၂၀)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ **ထောက်ခံချက်ပေးပို့တင်ပြခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏(၁၀ - ၅ - ၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၅၀၅၄ / ၈ - ၂၁၁ / အစရ(ရှမ်း)

၁။ တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး ကုမ္ပဏီလီမိတက်တို့မှ လုပ်ငန်းသဘောတူ စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသော တာချီလိတ်မြို့၊ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြလျှောက်ထားနိုင်ရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်ပြုစုဆောင်ရွက်ပေးနိုင်ပါရန် ကုမ္ပဏီမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ခြင်းနှင့်ပတ်သက်၍ လိုအပ်သည့် ထောက်ခံချက်ဆောင်ရွက်ပေးရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး ကုမ္ပဏီလီမိတက်မှ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်ခြင်းအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက်တင်ပြခြင်းကိစ္စအား ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ ကန့်ကွက်ရန်မရှိ ထောက်ခံပါကြောင်းနှင့်လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် ပူးတွဲပါလုပ်ငန်းသဘောတူစာချုပ်များနှင့်အတူ တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(စိုင်းထွန်းထွန်း ၊ အတွင်းရေးမှူး)

မိတ္တူကို

ဥက္ကဋ္ဌ ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ၊ တာချီလိတ်မြို့
အုပ်ချုပ်မှုဒါရိုက်တာ ၊ တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး ကုမ္ပဏီလီမိတက် ၊
တာချီလိတ်မြို့
ရုံးလက်ခံ
မျှော

May2016/43

ရုံးတံဆိပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
ရှမ်းပြည်နယ်

စာအမှတ်၊ ၅၀၁၄ / ၈–၂၁၁ / အစရ (ရှမ်း)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်

သို့
အတွင်းရေးမှူး
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ
တောင်ကြီးမြို့

အကြောင်းအရာ။ **ထောက်ခံချက်ပြုစုဆောင်ရွက်ပေးနိုင်ပါရန်ကိစ္စ**

တာချီလိတ် (ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်သည် တာချီလိတ်မြို့ရေပေးဝေဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းအား ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့်ပေါင်းစပ်ညှိနှိုင်း လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရေပေးဝေဖြန့်ဖြူးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအား မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြလျှောက်ထားနိုင်ရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံချက်အား ပြုစုဆောင်ရွက်ပေးနိုင်ပါရန် တာချီလိတ် (ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်၏ (၈–၄–၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၆/တခလ/ရပရဝ/၂၀၁၆ဖြင့် တင်ပြလာခြင်းနှင့် ပတ်သက်၍ လိုအပ်သည့်ထောက်ခံချက်အား ဆောင်ရွက်ပေးရန် အကြောင်းကြားပါသည်။

ပူးတွဲပါ – တင်ပြစာမိတ္တူ (၂)ရွက်

(စိုင်းစွဲဆိုင်း၊စည်ပင်သာယာရေးဝန်ကြီး)
ရှမ်းပြည်နယ်အစိုးရအဖွဲ့

မိတ္တူကို
တာချီလိတ် (ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်၊ တာချီလိတ်မြို့
ရုံးလက်ခံ
မျှောစာတွဲ။

Water Supply Company Limited
Tachileik (Eastern Shan State)
MYANMAR

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်
Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

စာအမှတ်၊ တခလ / ရပရဝ /အဆိုပြုလွှာ/၀၀၁
ရက် စွဲ ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)သစ္စာလမ်းမကြီး၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ BOTစနစ်ဖြင့် တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး လုပ်ငန်းအတွက် အဆိုပြုလွှာတင်ပြခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ တာချီလိတ် (ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်း ကျေးရွာအုပ်စု၊ ဟွေဟေးကျေးရွာအနီးရှိ မြေနေရာ (၃. ၉၂)ဧကတွင် (Weir and Intake Structure) လုပ်ငန်း ဖြစ်သည့် ရေကျော်ဆည်လုပ်ငန်းနှင့် ရေယူအဆောက်အဦတည်ဆောက်ခြင်း၊ ဖတ်ဟီအပေါ်ရွာရှိ မြေနေရာ (၅. ၂၁)ဧကတွင် (Water Treatment Plant) တည်ဆောက်ပြီး၊ တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းအား ကနဦး နှစ်(၅၀)နှင့် နောက်ထပ် (၁၀)နှစ်(၂)ကြိမ် လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ပါရန် အဆိုပြုလွှာ( )စုံအား ပြုစုပေးပို့ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးလောတာ
ဥက္ကဋ္ဌ
တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး
ကုမ္ပဏီလီမိတက်
တာချီလိတ်မြို့

Water Supply Company Limited
Tachileik (Eastern Shan State)
MYANMAR

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်

Tachileik (Eastern Shan State), Water Supply Co.,Ltd

No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

စာအမှတ်၊ တခလ / ရပရဝ /အဆိုပြုလွှာ/၀၀၂
ရက် စွဲ ၊ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ရက်

သို့

ဥက္ကဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)သစ္စာလမ်းမကြီး၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၁)ပုဒ်မ (၂၀)တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များ ခံစားခွင့်ပြုနိုင်ပါရန် လျှောက်ထားတင်ပြခြင်း**

၁။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့ တာချီလိတ် (ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်သည် ရှမ်းပြည်နယ်၊တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊လွယ်တော်ခမ်း ကျေးရွာအုပ်စု၊ဟွေပေါးကျေးရွာအနီးရှိ မြေနေရာ (၃. ၉၂)ဧကတွင် (Weir wnd Intake Structure) လုပ်ငန်း ဖြစ်သည့် ရေကျော်ဆည်လုပ်ငန်းနှင့် ရေယူအဆောက်အဦ တည်ဆောက်ခြင်း၊ ဖတ်ဟိအပေါ်ရွာရှိ မြေနေရာ (၅. ၂၁)ဧကတွင် (Water Treatment Plant)တည်ဆောက်ပြီး၊ တာချီလိတ်မြို့တွင်းသို့ ရေပေးဝေဖြန့်ဖြူးခြင်း လုပ်ငန်းအား ကနဦး နှစ်(၅၀)နှင့် နောက်ထပ်(၁၀)နှစ် (၂)ကြိမ် လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကျွန်တော်တို့၏ ကုမ္ပဏီလီမိတက်သည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ (၉)သန်း အပါအဝင် မြန်မာငွေကျပ်သန်း (၁၆၈၇၃)ကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ ၎င်းတွင် လုပ်ငန်းလည်ပတ်ရန်ငွေသား ကျပ်(၅၅၈၄. ၀၄၃)သန်း၊ စက်ပစ္စည်းအမေရိကန်ဒေါ်လာ(၂. ၄၈၂၈)သန်း၊ ရုံးလုပ်ငန်းသုံးပစ္စည်းကျပ်(၁၀. ၈၀)သန်း၊ မြေတန်ဘိုး ကျပ်(၇၁. ၀၀)သန်း၊ အဆောက်အဦတန်ဘိုး ကျပ်(၃၅၃. ၆၂၆)သန်း နှင့် မော်တော်ယာဉ်တန်ဘိုး အမေရိကန်ဒေါ်လာ (၀. ၃၇၂)သန်း၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းတန်ဘိုး အမေရိကန်ဒေါ်လာ (၆. ၁၁၉)သန်း နှင့် လက်မှတ်ရေးထိုးသည့်အတွက် ဆုကြေးငွေကျပ် (၈၃. ၆၃၀)သန်း ရင်းနှီးမြှုပ်နှံသွားမည် ဖြစ်ပါသည်။

၃။ အဆောက်အဦများအား ပြည်ပမှ ပညာရှင်များနှင့် ပြည်တွင်းရှိ အတတ်ပညာရှင်များဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး အဆိုပြုလုပ်ငန်းဆောင်ရွက်ခွင့်ရရှိပါက ရှမ်းပြည်နယ်၊တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့ နယ်၏ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူဖြစ်စေမည့်အပြင် ဒေသခံပညာတတ်လူငယ်များအတွက် အလုပ် အကိုင်သစ်များနှင့် လုပ်ငန်းအတွေ့အကြုံရရှိစေမည် ဖြစ်ပါသည်။ စက်မှုလုပ်ငန်းများအတွက် ရေအရင်းအမြစ်အား လွယ်ကူစွာရရှိသဖြင့် စက်မှုလုပ်ငန်းများ ထွန်းကားလာနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေနှင့် အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခြင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများရရှိလာနိုင်ခြင်း စသည့် အကျိုးအမြတ်များအား ခံစားနိုင်မည်ဖြစ်ပါသည်။

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်
Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

၄။ သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရရှိနိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်လမ်းသစ်များရရှိနိုင်စေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တက်လမ်းမှ အထောက်အကူပြုနိုင်စေရန် လည်းကောင်း၊ ကျွန်တော်တို့၏ လျှောက်ထားခြင်းကို လက်ခံစဉ်းစားပေးနိုင်ပါရန်နှင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၁၁)၊ ပုဒ်မ(၂၀)အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်တို့အား ခံစားခွင့်ပြုနိုင်ပါရန် အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ပူးတွဲတင်ပြ လျှောက်ထားအပ်ပါသည် -

(က) ကမကထ ပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်
(ခ) ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့်တွက်ချက်မှုဇယားများ
(ဂ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးအထောက်အထားများ
(ဃ) မြေပုံငှားစာချုပ် (မူကြမ်း)
(င) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်း
ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ပုံစံ ၆/၂၆ မိတ္တူများ

လေးစားစွာဖြင့်

ဦးလောတာ
ဥက္ကဋ္ဌ
တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး
ကုမ္ပဏီလီမိတက်
တာချီလိတ်မြို့

Water Supply Company Limited
Tachileik (Eastern Shan State)
MYANMAR

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်

Tachileik (Eastern Shan State), Water Supply Co.,Ltd

No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

စာအမှတ်၊ တခလ / ရပရဝ /အဆိုပြုလွှာ/၀၀၃
ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)သစ္စာလမ်းမကြီး၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

အကြောင်းအရာ။ **BOTစနစ်ဖြင့် တာချီလိတ်မြို့ ရေပေးဝေရေးလုပ်ငန်း အဆိုပြုတင်ပြခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကတိပြုချက် တင်ပြခြင်း။**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ လုပ်ငန်းတည်ထောင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အဆိုပြုတင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။ ထိုသို့လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ကတိပြု တင်ပြအပ်ပါသည်-

(က) ကျွန်တော်တို့၏ လုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သည့် လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားသား မည်သူတစ်ဦးတစ်ယောက်မျှ ပါဝင်ပိုင်ဆိုင်ခြင်း လုံး၀(လုံး၀) မရှိပါကြောင်း ကတိပြုအပ်ပါသည်။

(ခ) ဤအဆိုပြုလုပ်ငန်းများဆောင်ရွက်ရာတွင် လေထု၊ ရေထု၊ မြေထု တို့ကို ညစ်ညမ်းခြင်းများဖြစ်ပွားမှုမရှိစေရန်အတွက် လိုအပ်သော အစီအမံများ၊ မီးဘေးကာကွယ်မှုများကို နိုင်ငံတော်မှသတ်မှတ်ထားရှိသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

(ဂ) အလုပ်သမား တစ်ဦးချင်းစီ၏ လုပ်ခလစာကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားပြီး၊ ၎င်းလစာနှုန်းထားများသည် အမှန်တကယ်ရရှိမည့်လုပ်ခများဖြစ်ပါကြောင်းနှင့် အဆိုပါလစာငွေများသည် ကာလဒေသပေါက်ဈေးနှင့်ကိုက်ညီမှုရှိကြောင်း ကတိပြုအပ်ပါသည်။

(ဃ) လစာတစ်နှစ်လျှင် (၄၈၀၀၀၀၀)ကျပ်နှင့်အထက် ရရှိသောဝန်ထမ်းများ၏ ဝင်ငွေခွန်တို့ကို သတ်မှတ်ထားသည့် နှုန်းထားများနှင့်အညီ ပေးဆောင်ရေးအား ကုမ္ပဏီမှ တာဝန်ယူပါကြောင်း ကတိပြုအပ်ပါသည်။

(င) C.S.R ရန်ပုံငွေအဖြစ် နှစ်စဉ်လုပ်ငန်း၏ အသားတင်အမြတ်ငွေ၏ (၂)ရာခိုင်နှုန်းအား သီးသန့် ထားရှိသုံးစွဲသွားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

(စ) မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အား မသုံးစွဲပါ။ ကိုယ်ပိုင်မီးစက်ဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်

Tachileik (Eastern Shan State), Water Supply Co.,Ltd

No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge, Maekhong Ward, Tachileik Township, Eastern Shan State, Myanmar

Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

(ဆ) လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စက်ရုံ ၊ အလုပ်ရုံ အလုပ်သမားဥပဒေ အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

(ဇ) ဆောက်လုပ်ရေးလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များနှင့် တိုင်ပင်ခြင်း၊ အကြံဉာဏ်ရယူခြင်းများ ဆောင်ရွက်သွားပါကြောင်း ကတိပြုအပ်ပါသည်။

(ဈ) မြေယာနှင့်ပတ်သက်သည့် နိုင်ငံတော်အစိုးရမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

(ည) ခွင့်ပြုမိန့်ရရှိပြီးပါက သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များ၊ ဥပဒေ စည်းကမ်းများအား လိုက်နာသွားမည်ဖြစ်ပါကြောင်း နှင့် ခွင့်ပြုမိန့် ၊ လုပ်ငန်းလိုင်စင် တို့ကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

(ဋ) လုပ်ငန်းဆောင်ရွက်မည့်မြေအား မတည်ရင်းနှီးငွေအဖြစ် သတ်မှတ်ထည့်ဝင်မည်ဖြစ်ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပါက ကုမ္ပဏီအမည်ပေါက်ရရှိရေး အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

ဦးလောတာ
ဥက္ကဋ္ဌ
တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး
ကုမ္ပဏီလီမိတက်
တာချီလိတ်မြို့

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်

Tachileik (Eastern Shan State), Water Supply Co.,Ltd

No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,

Maekhong Ward, Tachileik Township, Eastern Shan State, Myanmar

Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

သို့

ပြည်ထောင်စုဝန်ကြီး

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၄)ရက်

အကြောင်းအရာ။ ။ **ENVIRONMENTAL AND SOCIAL IMPACT ASSESSMENT (ESIA)ပေးပို့ခြင်း။**

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်မှ တာချီလိတ်မြို့ရေပေးဝေရေးအတွက် မြန်မာနိုင်ငံသာများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအခန်း(၃)၊ အပိုဒ်(၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ပေးနိုင်ရန်အတွက် **ENVIRONMENTAL AND SOCIAL IMPACT ASSESSMENT (ESIA)**စာအုပ်နှင့် **CD** ချပ်အား ပူးတွဲပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

ဦးလောတာ

ဥက္ကဋ္ဌ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်

မိတ္တူကို

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်။
- အဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (OSS) ရန်ကုန်။

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်
Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

တာချီလိတ်မြို့တွင်း ရပ်ကွက်(၁၁)ရပ်ကွက်စာရင်း

(၁) ပုန်းထွန်ရပ်ကွက်
(၂) တာလော့ရပ်ကွက်
(၃) ဝမ်းကောင်းရပ်ကွက်
(၄) မကာဟိုခမ်းရပ်ကွက်
(၅) ဆန်ဆိုင်း(က)ရပ်ကွက်
(၆) ဆန်ဆိုင်း(က)ရပ်ကွက်
(၇) မယ်ခေါင်ရပ်ကွက်
(၈) ရန်အောင်မြေရပ်ကွက်
(၉) ဝိန်းကျောက်ရပ်ကွက်
(၁၀) ပါဆတ်ရပ်ကွက်
(၁၁) ဟောင်လိတ်ရပ်ကွက်

လေးစားစွာဖြင့်

ဦးလောတာ
ဥက္ကဌ
တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး
ကုမ္ပဏီလီမိတက်
တာချီလိတ်မြို့

Arrangement name is U Kyaw Soe Aye

Water Supply Company Limited
Tachileik (Estern Shan State)
MYANMAR

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်
Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

ဝန်ခံကတိပြုခြင်း

Techileik (Eastern Shan Stata), Water Supply Co., Ltd. ဤရေပေးရေးလုပ်ငန်းမှာ ဒီဇယ်ရေစုပ်စက်များသာ အသုံးပြုထားခြင်းဖြစ်၍ လျှပ်စစ်သုံးစွဲမှုမပြုပါ။ မီးထွန်းရန် Lighting အတွက်နှင့် Dosing Pumps အသေးကလေးများအတွက် တစ်နှစ်တာလိုအပ်ချက်ကို တွက်ချက်ပေးထားခြင်း ဖြစ်ပါသည်။

၎င်း Lighting အတွက်ကိုလည်း ကိုယ်ပိုင် Generator ဖြင့် အသုံးပြုမှာဖြစ်သည့်အတွက် နိုင်ငံတော် ဓါတ်အားလိုင်းမှ ရယူသုံးစွဲခြင်းမပြုပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးလောတာ

ဥက္ကဋ္ဌ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး

ကုမ္ပဏီလီမိတက်

တာချီလိတ်မြို့

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတက်
Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

ဝန်ခံကတိပြုခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Tachileik (Eastern Shan State) Water Supply Company Limited သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေများကို လေးစားစွာ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးလောတာ

ဥက္ကဋ္ဌ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး

ကုမ္ပဏီလီမိတက်

တာချီလိတ်မြို့

နေရာ။ တာ ချီ လိတ် မြို့ ။
ရက်စွဲ။ ၃၁- ၅ - ၂၀၁၆ ။

Water Supply Company Limited
Tachileik (Estern Shan State)
MYANMAR

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေး ကုမ္ပဏီလီမိတ်

Tachileik (Eastern Shan State), Water Supply Co.,Ltd
No.(1), 3rd floor, Block(C), Bogyoke Road, Near No.2 Chit kyi yay Bridge,
Maekhong Ward, Tachileik Township, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax : 08453550, email : heinlinsan.townwatersupply@gmail.com

ဝန်ခံကတိပြုခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Tachileik (Eastern Shan State) Water Supply Company Limited သည် ရေပေးဝေရေးလုပ်ငန်းတွင် အသုံးပြုရန် ဝယ်ယူခွင့်ပြုထားသော ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း မပြုပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးလောတာ

ဥက္ကဋ္ဌ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေး

ကုမ္ပဏီလီမိတက်

တာချီလိတ်မြို့

နေရာ။ တာ ချီ လိတ် မြို့ ။

ရက်စွဲ။ ၃၁– ၅ – ၂၀၁၆ ။

တာချီလိတ် (ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်

No (1), 3rd floor, Block(C), Bogy[illegible] Road, Near No 2 Chit kyi yay Bridge
Maekhong Ward, Tachileik To[illegible]ship, Eastern Shan State, Myanmar
Tel : 08453551, 08451211, Fax 0845355[illegible], email [illegible]

စာအမှတ် ၊ ၂၈ /တခလ/ရပဝရ/၂၀၁၆
ရက်စွဲ ၊ ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ ၁၄ ရက်

သို့

ပြည်ထောင်စုဝန်ကြီးရုံး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ **တာချီလိတ်မြို့ ရေပေးဝေရေးစီမံကိန်းလုပ်ငန်းမှ ရေကျော်ဆည်တည်ဆောက်ရာတွင် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာအချက်အလက်များပြုစုပေးပို့တင်ပြခြင်း**

ရည် ညွှန်း ချက်။ (၁) ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ (၁၁-၅-၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၂၆၇၁/၈-၄/ရပစ(၀၂၀)

(၂) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၁၇- ၆ -၂၀၁၆)ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/မ-၀၁၉/၂၀၁၆(၃၅၂)

(၃) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏(၂၉-၆ -၂၀၁၆)ရက်စွဲပါစာအမှတ်၊ ပဆ-(၃)/(သဘောထား-DWIR SSMA)/၂၀၁၆(၁၄၀)

(၄) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၁၁- ၇ -၂၀၁၆)ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/မ-၀၁၉/၂၀၁၆(၃၇၆)

၁။ တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက် [Tarchileik (Eastern Shan State) Water Supply Co.,Ltd]သည် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်ပေါင်းစပ်ညှိနှိုင်းပြီး B.O.T စနစ်ဖြင့် တာချီလိတ်မြို့ ရေပေးဝေဖြန့်ဖြူးခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ခွင့်ပြုချက်ရရှိရေးအတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရည်ညွှန်း(၁)ပါစာဖြင့် အဆိုပြုတင်ပြခဲ့ပါသည်။

၂။ ထိုသို့ တင်ပြခဲ့ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသို့ ရည်ညွှန်း(၂)ပါစာဖြင့် လုပ်ငန်းဆောင်ရွက်မှုအပေါ် သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေဟောကျေးရွာအနီး မြေနေရာ(၃. ၉၂) ဧကတွင် **Weir** and Intake Structure လုပ်ငန်းဖြစ်သည့် ရေကျော်ဆည် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်မည့် Weir Design နောက်ပြန်ရေ သက်ရောက်မှု (Back Water Effect)နှင့် ရေကြီးရေလျှံမှုကာကွယ်ခြင်း(Flood Protection) စသည့်အချက်အလက်များ ပြုစုတင်ပြပေးရန် လိုအပ်ကြောင်း ရည်ညွှန်း(၃)ပါစာဖြင့် ပြန်ကြားချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်း(၄)ပါစာဖြင့် မိမိတို့ကုမ္ပဏီသို့ ထပ်ဆင့် ချပြညွှန်ကြားလာခဲ့ပါသည်။

၃။ ယင်းဖြစ်ပါ၍ ရည်ညွှန်း(၃)စာပါ လိုအပ်သည့်အချက်အလက်များအား ပြုစုဆောင်ရွက်ပြီးဖြစ်ပါသဖြင့် လုပ်ငန်းဆောင်ရွက်အပေါ် သိရှိနိုင်ပါရန် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

ပူးတွဲပါ (၁) Weir and Intake Structure လုပ်ငန်းဖြစ်သည့် ရေကျော်ဆည် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ဆောင်ရွက်မည့် Weir Design နောက်ပြန်ရေ သက်ရောက်မှု (Back Water Effect) နှင့် ရေကြီးရေလျှံမှုကာကွယ်ခြင်း(Flood Protection)အချက်အလက်များ

(၂) လုပ်ငန်းဆောင်ရွက်ထားရှိမှု မှတ်တမ်းဓါတ်ပုံများ (၈)ပုံ ။

လေးစားစွာဖြင့်

ဦးလောတာ

ဥက္ကဋ္ဌ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကူမ္ပဏီလီမိတက်

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊တောင်ကြီးမြို့
မြို့နယ်စည်ပင်သာယာရေးကော်မတီ၊တာချီလိတ်မြို့

တာချီလိတ်မြို့နယ်၊လွယ်တော်ခမ်းကျေးရွာအုပ်စု၊ဟွေဟေးကျေးရွာအနီးမြေဧရိယာ(၃၉၂)ဧကတွင်

Weir and Intake Structure လုပ်ငန်းနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတင်ပြခြင်း

၁။ **Weir and Intake Structure ၏ Design**

သက်ဆိုင်ရာအင်ဂျင်နီယာဌာနဖြစ်သည့် TEAMi Co.,Ltd ၏ ရေးဆွဲအတည်ပြုထားသော Design ဖူးတွဲပါရှိပါသည်။ယင်း Designနှင့်အညီမြေပြင်တွင်ဆောက်လုပ်မြီးစီးသည့်Weir and Intake Struture ၏ မှတ်တမ်းဓါတ်ပုံများ-

(က) **Weir and Intake Structure ၏ Type And Measurement**

Depth Of Foundation = Sheet Pile Foundation **Stucture** Reinforcement

(ခ) **Weir**

Creast Level	=	2.0	M	(6.6 Feets)
Length	=	14.5	M	(47.56 Feets)
Breadth	=	24	M	(78.72Feets)
Intake Structure	=	4Mx24M		
Water Intake	=	1 M x 3 M Slude gate valve=2 Nos		
		0.6M x 3 M Slude gate valve=2 Nos		

(ဂ) **Spill Way**

Type	=	Earth embankment
Length	=	10M
Height	=	2.50M

လိုအပ်သည့်ပမာဏထက် ပိုလျှံပါကယင်းအပေါ်မှ အရှိန်ဖြင့် ဖြတ်ကျော်စီးဆင်းနိုင်စေရန် စီစဉ်ထားရှိပါသည်။

၂။ **Back Water Effect (နောက်ပြန်ရေသက်ရောက်နိုင်မှု)**

ရေကျော်ဆည်ဆောက်လုပ်ရန် နေရာရွေးချယ်ခဲ့ရာတွင် လက်ယာဘက်တွင် တောင်ကုန်းရှိပြီး လက်ဝဲဘက်တွင် ချောင်းရေအမြင့်ဆုံးဖြစ်ချိန်၌ တားဆီးနိုင်မည့် ကမ်းပါးအမြင့်ရှိသည့်နေရာကို ရွေးချယ်ထားခြင်းဖြစ်ပါသည်။Design ပါအချက်အလက်အရ (260mx50m) ရရှိနိုင်သည့်ရေဝပ်ဧရိယာ ဖြစ်ပါသည်။ ရေသွယ်ယူသည့် ဟွေဟေးချောင်းအကျယ်မှာ ၂၀ပေခန့်သာရှိပြီး ရေစီးနှုန်းအရှိန်(216.06cum/s)ဖြင့်သာ စီးဆင်း၍ သိုလှောင်ဧရိယာသို့ ဝင်ရောက်ချိန်တွင် အရှိန်လျော့နည်းသွားပြီး ရေလှောင်ကန်အဖြစ်သာ အသုံးပြုထားပါသည်။

၇။ **Flood Protection(ရေကြီးရေလျှံမှုကာကွယ်ခြင်း)**

ဆောက်လုပ်ထားသည့် ရေယူအဆောက်အအုံမှာ ရေကျော်ဆည် (Weir) အမြစ်သာစီစဉ် ဆောက်လုပ်ထားခြင်းဖြစ်သဖြင့် ၂မီတာထက် ပိုမိုကျော်လွန်ပါက Creaset levelအပေါ်မှ ဖြတ်ကျော်စီးဆင်းသွားစေသဖြင့် ရေလှောင်ကန်အတွင်းတွင် သတ်မှတ်ထားသော Water levelရေအမြင့်ပေအတိုင်းသာ ရှိမြဲရှိနေမည် ဖြစ်ပါသည်။


Intake Structure မှတစ်ဆင့် 600mm အချင်းရှိ ရေယူပိုက်ဖြင့် အမြဲတမ်း ရေထုတ်ယူနေမည် ဖြစ်ရာ သာမန်အားဖြင့် ရေလျှံနိုင်မည့် အခြေအနေဖြစ်ပေါ်နိုင်ချေမရှိပါ။ ရေလှောင်ကန်ထိပ်မှ Weir ထိ အကွာအဝေး ၈၅၀ပေရှိသဖြင့် ဘေးတစ်ဘက်တစ်ချက်ရှိ မြင့်မားသော ကမ်းနှင့်တောင်ကုန်းများ ရှိနေခြင်းကြောင့် ရေကြီးရေလျှံမှုကိုသဘာဝအတိုင်း ကာရံထားပြီးဖြစ်ပါသည်။

ကမ်းတစ်ဘက်တစ်ချက်ရှိနေရာများတွင် လယ်ကွင်းအနည်းငယ်သာရှိပြီး ယင်းလယ်များမှာ တောင်ပေါ်လှေကားထစ်စိုက်ပျိုးနည်းဖြင့်သာ စပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသဖြင့် ရေကြီးရေလျှံမှုအတွက် အကျိုးသက်ရောက်မှုမရှိနိုင်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


ကျော်ညီညီထွန်း


လက်ထောက်အင်ဂျင်နီယာ

တာချီလိတ်(ရှမ်းအရှေ့)ရေပေးဝေရေးကုမ္ပဏီလီမိတက်



ဟွေ ဟေားချောင်း:(၂၀၈၀)
Water Storage Area(13000 sq-m)app;







SECTION A-A (TTWD-WE-02)
SCALE 1:75

TABLE OF CURVE DATA

HORIZONTAL X (m.)	VERTICAL Y (m.)	ELEVATIONS m.(m.s.l)
0.00	0.00	+483.50
0.25	-0.02	+483.48
0.50	-0.08	+483.42
0.75	-0.16	+483.34
1.00	-0.28	+483.22
1.25	-0.42	+483.08
1.50	-0.58	+482.91
1.75	-0.78	+482.72
2.00	-1.00	+482.50
2.25	-1.24	+482.26
2.50	[illegible]	+481.99
2.75	-1.80	+481.70
3.00	-2.12	+481.39
3.25	-2.45	+481.05
3.35	-2.59	+480.91



DETAIL "2" (SHEAR KEY)
SCALE 1:50



SECTION A2-A2
SCALE 1:50

REFERENCES
1. PLAN

DRAWING No.
DWG. TTWD-WE-02

NOTES :
1. ALL DIMENSIONS ARE IN METERS AND ELEVATIONS ARE IN METERS ABOVE MEAN SEA LEVEL (M.S.L.) UNLESS OTHERWISE SHOWN.
2. GENERAL NOTES, SYMBOLS AND ABBREVIATIONS SEE DWG. NO. TTWD-GN-01 AND TTWD-GN-02
3. CONCRETE SHALL HAVE MINIMUM ULTIMATE COMPRESSIVE STRENGTH OF 210 KSC. FOR A STANDARD CYLINDER AT 28 DAYS.
4. [ ] = PLAIN CONCRETE WITH 40% DUMPED ROCK (MAX.DIA. ≯ .30m.)

ORIGINAL SCALE 1 : 50 (A2)
ORIGINAL SCALE 1 : 75 (A2)


REMARKS :
ANY MODIFICATIONS OR COPIES OF THIS DRAWING IS NOT ALLOWED WITHOUT A WRITTEN PERMISSION FROM TEAM CONSULTING ENGINEERING AND MANAGEMENT CO., LTD IS CONJUNCTION WITH TOTAL BUSINESS SOLUTION CO., LTD.

FAST TRACK TENDER DESIGN
FOR TACHILEIK TOWN WATER SUPPLY PROJECT
HEIN LINN SAN CO., LTD.

WEIR AND INTAKE
SECTION A-A ,SHEAR KEY DETAIL AND CURVE DATA

TEAM CONSULTING ENGINEERING AND MANAGEMENT CO., LTD.
ASSOCIATION WITH
TOTAL BUSINESS SOLUTION CO., LTD.

DESIGNED Sanga T.
DRAWN Chaiyaphat T.
CHECKED
REVIEWED
APPROVED
DATE
SUBMITTED
DATE
DRAWING NO. TTWD-WE-03



REFERENCES

1 GENERAL – PROJECT MAP		DWG TTWD-GN-01
2 WEIR AND INTAKE – GENERAL LAYOUT		DWG TTWD-WE-01
3 WEIR AND INTAKE – SECTION A-A	SHEAR KEY DETAIL	DWG TTWD-WE-03
4 WEIR AND INTAKE – SECTION B-B	BOTTOM DRAIN DETAIL	DWG TTWD-WE-04
5 WEIR AND INTAKE – SECTION C-C AND D-D	EXPANSION JOINT DETAIL	DWG TTWD-WE-05
6 WEIR AND INTAKE – SECTION E-E AND H-H		DWG TTWD-WE-06
7 WEIR AND INTAKE – SECTION F-F		DWG TTWD-WE-07
8 WEIR AND INTAKE – SECTION G-G AND I-I		DWG TTWD-WE-08
9 WEIR AND INTAKE – SECTION J-J AND K-K		DWG TTWD-WE-09
10 WEIR AND INTAKE – SECTION L-L AND M-M		DWG TTWD-WE-10
11 WEIR AND INTAKE – SECTION N-N		DWG TTWD-WE-11
12 WEIR AND INTAKE – DETAIL OF HANDRAIL, LADDER RUNG AND WATERSTOP DETAIL		DWG TTWD-WE-12

NOTES :

1. ALL DIMENSIONS ARE IN METERS AND ELEVATIONS ARE IN METERS ABOVE MEAN SEA LEVEL (M.S.L.) UNLESS OTHERWISE SHOWN.
2. GENERAL NOTES, SYMBOLS AND ABBREVIATIONS SEE DWG NO. TTWD-GN-02 AND TTWD-GN-03.
3. CONCRETE SHALL HAVE MINIMUM ULTIMATE COMPRESSIVE STRENGTH OF 250 KSC FOR A STANDARD CYLINDER AT 28 DAYS.

0 2.0 4.0 6.0 8.0 m

ORIGINAL SCALE 1 : 100 (A2)


FAST TRACK TENDER DESIGN
FOR TACHILEIK TOWN WATER SUPPLY PROJECT
HEIN LINN SAN CO., LTD

WEIR AND INTAKE
PLAN


TEAM CONSULTING ENGINEERING AND MANAGEMENT CO., LTD.
ASSOCIATION BY
TOTAL BUSINESS SOLUTION CO., LTD.

DESIGNED: ANISY T.
DRAWN: Supaporn Y.
REVIEWED
APPROVED

DRAWING NO. TTWD-WE-02



















တာချီလိတ်မြို့ရေပေးဝေရေးစီမံကိန်းလုပ်ငန်းအသုံးပြုမြေ ၊ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် ထိန်းသိမ်းရေး အသုံးပြုမြေလျှောက်ထားမှု လမ်းကြောင်းပြမြေပုံ
တာချီလိတ်မြို့
ပင်မရေပို့ပိုက်လိုင်းလမ်းကြောင်းအသုံးပြုမြေ
လမ်းဘေးဝဲယာလမ်းဗဟိုမှ (၃၀) ပေစီ ဖြင့် (၆၀) ပေ
နိုင်းဆောက် - တာချီလိတ် လမ်းမကြီး
ရေလှောင်ကန်
မြေပုံအညွှန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရှမ်းပြည်နယ်အစိုးရအဖွဲ့
(စည်ပင်သာယာရေးဝန်ကြီးဌာန)
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးကော်မတီ
နှင့်
ဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
တို့အကြားချုပ်ဆိုသော
တာချီလိတ်မြို့ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း
လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်

ရက်စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဖေဖော်ဝါရီလ (၂၀)ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅ ကျပ် ငွေနှစ်ဆယ့်ငါးကျပ်

တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသော တာချီလိတ်မြို့ ၊ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်မှုသဘောတူစာချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တောင်ကြီးမြို့၌ ၂၀၁၃ ခုနှစ် ၊ ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် ဦးစိုင်းထွန်းထွန်း ၊ ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကိုယ်စားပြုသော တာချီလိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့(နောင်တွင် '' လုပ်ငန်းအပ်နှံသူ ''ဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် ယင်း၏ဆက်ခံသူများနှင့် ဥပဒေအရလွှဲအပ်ခံရသူများလည်းအကျုံးဝင်သည်)ကတစ်ဖက်


နှင့်

ဦးလောတာ ၊ မှတ်ပုံတင်အမှတ် ၁၃ / တခလ(နိုင်)၀၂၅၉၅၉ ၊ တာချီလိတ်မြို့ ၊ အုပ်ချုပ်မှုဒါရိုက်တာ ဟိန်းလင်းစံသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် ၊ ကိုယ်စားပြုသော ဟိန်းလင်းစံ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် စိန်ပန်းလမ်း ၊ ဝမ်ကောင်းရပ်(နောင်တွင် '' လုပ်ငန်းလက်ခံသူ ''ဟု ခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် ယင်း၏ဆက်ခံသူများ ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရလွှဲအပ်ခံရသူများကလည်း အကျုံးဝင်သည်)က အခြားတစ်ဖက်တို့သည် ဤစာချုပ်ကိုလက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

၁။ ရည်ရွယ်ချက်

(က) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ တာချီလိတ်မြို့နယ်သည် ထိုင်းနိုင်ငံ ၊ မယ်ဆိုင်မြို့နှင့် နယ်စပ်ချင်းထိစပ်နေသော နယ်စပ်မြို့ဖြစ်သည့်အားလျော်စွာ မြို့နေလူထုများ၏ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်းများသည် တစ်ဖက် နိုင်ငံနှင့်ရင်ဘောင်တန်းမြင့်မားစေရေးအတွက်လည်းကောင်း ၊ ဒေသဖွံ့ဖြိုးရေးအတွက်လည်းကောင်း ရည်ရွယ်ပြီး တာချီလိတ်မြို့ ၊ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည် ၊

(ခ) တာချီလိတ်မြို့အား နိုင်ငံတော်နှင့်ရှမ်းပြည်နယ်ကျက်သရေဆောင်နိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ပြအဖြစ်ပြင်ဆင်ဆောင်ရွက်ရာ၌လည်းကောင်း ၊ တာချီလိတ်မြို့နေပြည်သူများ၏ ကျန်းမာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူနေမှုအဆင့်အတန်းမြင့်မားစေရေး ၊ စီးပွားရေးလုပ်ငန်းများ ကဏ္ဍပေါင်းစုံမှဖွံ့ဖြိုးတိုးတက်ရေး ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ



ဖွံ့ဖြိုးရေး ၊ နိုင်ငံတော်ဘဏ္ဍာငွေတိုးတက်ရေး ၊ မြို့သာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်းကောင်း အခြေခံကျအရေးပါသည့် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် မြို့ရေပေးဝေရေးစီမံကိန်းလုပ်ငန်းများကို စီမံချက်စနစ်တကျ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည် ။

၂။ **အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း**

လုပ်ငန်းအပ်နှံသူနှင့်လုပ်ငန်းလက်ခံသူတို့သည် သက်ဆိုင်ရာဥပဒေများအရ ဤသဘောတူစာချုပ်ပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုရန်အခွင့်အာဏာရှိသူများဖြစ်ကြောင်း ၊ လုပ်ငန်းလက်ခံသူသည် အာမခံတင်သွင်းသည့်မြေကို တရားဝင်ပိုင်ဆိုင်၍ လုပ်ငန်းအပ်နှံသူ၏ရည်ရွယ်ချက်ပါအတိုင်း လုပ်ငန်းများကိုတာဝန်ယူဆောင်ရွက်နိုင်ကြောင်းနှင့် ငွေကြေးအင်အားနိုင်မာတောင့်တင်းကြောင်း အသီးသီးတာဝန်ယူတင်ပြကြပါသည်။

၃။ **စာချုပ်သက်တမ်း**

(က) ဤသဘောတူစာချုပ် သက်တမ်းကာလသည် စာချုပ်ဝင်များလက်မှတ်ရေးထိုးသည့်နေ့မှစ၍ နှစ်(၃၀)ဖြစ်ပါသည် ၊

(ခ) စာချုပ်လက်မှတ်ရေးထိုးပြီးနောက် လုပ်ငန်းအပ်နှံသူသည်လုပ်ငန်းလက်ခံသူသို့ ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းနှင့် သက်ဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ခွင့်ပြုရန်ဖြစ်ပြီး လုပ်ငန်းလက်ခံသူကလည်း နှစ်(၃၀)စာချုပ်သက်တမ်းကုန်ဆုံးပါက ငှားရမ်းထားသည့်မြေများနှင့် မြေပေါ်ရှိ လုပ်ငန်းလက်ခံသူတည်ဆောက်အကောင်အထည်ဖော်ထားသည့်ပစ္စည်းများနှင့် လုပ်ငန်းအားလုံးကို လုပ်ငန်းအပ်နှံသူသို့ ပြန်လည်လွှဲပြောင်းပေးရမည် ၊

(ဂ) သို့ရာတွင် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးအတွက် ငွေပေးသွင်းခြင်းအပါအဝင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး တဖြင့်သဘောတူညီချက်အရ စာချုပ်သက်တမ်းစေ့ကုန်ပြီးနောက်တစ်ကြိမ်လျှင် (၅)နှစ်ငှားရမ်းစာချုပ်ထပ်မံချုပ်ဆိုခြင်း(သို့မဟုတ်) လုပ်ငန်းလက်ခံသူသို့ ရေပေးဝေရေးလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းကိစ္စများ ဆက်လက်ဆောင်ရွက်ခွင့်အတွက် လုပ်ငန်းစာချုပ်များချုပ်ဆိုခြင်းတို့ကို လုပ်ငန်းလက်ခံသူ၏ဆောင်ရွက်ပုံအနေအထားအရ လုပ်ငန်းအပ်နှံသူက ခွင့်ပြုဆောင်ရွက်ပေးနိုင်သည် ။

၄။ လက်မှတ်ရေးထိုးသည့်အတွက်ဆုကြေးငွေ

လုပ်ငန်းလက်ခံသူမှ တာချီလိတ်မြို့ ၊ ဟိန်းလင်းစံရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်ခွင့် ရရှိခြင်းအတွက် ငွေကျပ်(၄၃.၇၆၆)သန်းကို လုပ်ငန်းအပ်နှံသူသို့ စာချုပ်ချုပ်ဆိုသည့်နေ့တွင် ပေးသွင်းရမည်။

၅။ လုပ်ငန်းအတိုင်းအတာပမာဏ

လုပ်ငန်းလက်ခံသူက တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စည်ပင်သာယာရေးဝန်ကြီးဌာန၏ အတည်ပြုထားသည့်ပုံစံနှင့် ခန့်မှန်းခြေတရင်းအရဖြစ်ပါသည် -

(က) ပူးတွဲပါ ခန့်မှန်းခြေတရင်းစံချိန်စံညွှန်း ၊ (နောက်ဆက်တွဲ '' က '')

(ခ) ပူးတွဲပါအဆောက်အဦပုံစံ ၊ (နောက်ဆက်တွဲ '' ခ '')

(ဂ) ခန့်မှန်းခြေငွေတရင်း ။ (နောက်ဆက်တွဲ '' ဂ '')

၆။ သတ်မှတ်ချက်နှင့်အညီအကောင်အထည်ဖော်ခြင်း

ဤစာချုပ်ပါလုပ်ငန်းများအတွက် စံချိန်စံညွှန်းအကျုံးဝင်သောလုပ်ငန်းပမာဏနှင့် လုပ်ငန်းတစ်ခုချင်းအလိုက် ကုန်ကျစရိတ်တန်ဖိုးသည် လုပ်ငန်းလက်ခံသူမှတွက်ချက်တင်ပြ၍ လုပ်ငန်းအပ်နှံသူမှစိစစ်လက်ခံပြီး သဘောတူညီထားသောပူးတွဲပါပုံစံများတွင် ဖော်ပြထားသည့်အတိုင်းအတာများနှင့် ခန့်မှန်းကုန်ကျငွေတရင်းအတိုင်း ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းအပ်နှံသူမှ တာဝန်ပေးအပ်သူ(သို့မဟုတ်) အဖွဲ့အင်ဂျင်နီယာမှ အမြဲစစ်ဆေးနေမည်ဖြစ်ပြီး ပုံစံနှင့်မကိုက်ညီလျှင်သော်လည်းကောင်း ၊ စံချိန်စံညွှန်းနှင့်မကိုက်ညီသော ပစ္စည်းများကို အသုံးပြုမှုတွေ့ရှိလျှင်သော်လည်းကောင်း ၊ အသစ်ပြန်လည်ပြုလုပ်ခြင်း ၊ ပစ္စည်းလဲလှယ်စေခြင်းတို့ကို ညွှန်ကြားပါက လုပ်ငန်းလက်ခံသူမှလိုက်နာဆောင်ရွက်ရန် သဘောတူပါသည်။

၇။ လုပ်ငန်းတည်နေရာနှင့်အကျယ်အဝန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ တာချီလိတ်မြို့၏ အနောက်တောင်ဘက်(၁၀)မိုင်အကွာ မယ်ဆိုင်နွဲ့ချောင်းများတွင် ရေကျော်ဆည်(Wier)တည်ဆောက်ပြီး ၊ လွယ်တော်ခမ်း ပူးပေါင်းဂိတ်အနီးရှိမြေနေရာတွင် ရေစစ်ကန်များတည်ဆောက်ကာ တာချီလိတ်မြို့တွင်း ရေသုံးစွဲသူများထံသို့ ရေမီတာစနစ်ဖြင့်ပိုက်လိုင်းများ သွယ်တန်းပေးပို့မည်ဖြစ်ပါသည်။ လုပ်ငန်းတည်နေရာပြမြေပုံများနှင့် ရေဖြန့်ဝေပေးပို့မည့်ရေပိုက်လိုင်းသွယ်တန်းမှုစနစ်နောက်ဆက်တွဲမြေပုံများအား ပူးတွဲဖော်ပြအပ်ပါသည်။

၈။ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုပမာဏ

လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု ခန့်မှန်းကုန်ကျငွေကျပ်(၄၃၇၆.၆)သန်းကို ရင်းနှီးမတည်ငွေအဖြစ်အသုံးပြုမည်ဖြစ်ပါသည်။

၉။ တည်ဆောက်ရေးကာလ

စာချုပ်ချုပ်ဆိုသည့်နေ့အား လုပ်ငန်းစတင်ရက်အဖြစ် သတ်မှတ်မည်ဖြစ်ပြီး လုပ်ငန်းစတင်ရန် သတ်မှတ်သည့်နေ့မှစ၍ (၃)နှစ်အတွင်းအပြီးတည်ဆောက်သွားမည်ဖြစ်သည်။ တည်ဆောက်ရေးကာလပြည့်သည့် နေ့၏နောက်တစ်နေ့တွင် ရေပေးဝေရန်အသင့်အနေအထားရှိရမည်ဖြစ်သည်။ လုပ်ငန်းတည်ဆောက်ရေးကာလတွင် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူဘက်မှ ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) မယ်ဆိုင်ခွဲချောင်း ၊ ရေအရင်းအမြစ်စတင်ယူမည့်နေရာတွင် ကွန်ကရစ်ရေကျော်(Wier) အလျား(၈၀)ပေခန့်ကိုတည်ဆောက်ခြင်း ၊

(ခ) မယ်ဆိုင်ခွဲချောင်း ၊ ရေအရင်းအမြစ်စတင်ယူမည့်နေရာ ချောင်းနံဘေးတွင် နံရံထိန်းကျောက်စီ နံရံများကာရံပြီး ရေတံခါး ၊ သံဇကာများနှင့် ကျောက်စရစ်လွှာ(၃)လွှာပါသည့်(Horizontal Roughing Filtration Unit)များပါဝင်သည့် Intake Structure ခေါ်ရေယူအဆောက်အဦ တစ်စုံကိုဆောက်လုပ်ခြင်း ၊

(ဂ) ရေယူအဆောက်အဦ Intake Structure မှ ၂၂"Ø HDPE ပိုက်ဖြင့်စတင်သွယ်ယူပြီး ၁၈"Ø HDPE ပိုက်များဖြင့် လိုအပ်သောနေရာများတွင်ပိုက်ထောက်များ ၊ ကွန်ကရစ်အရှိန်ထိန်းများ ၊ ပိုက်ထိန်းတံတားငယ်များ ၊ ရေအနည်ထုတ်ရေသော့(Washout Valve)များ ၊ လေထုတ်ရေသော့ (Air Released Valve)များ စသည်တို့ကိုတပ်ဆင်ဆောက်လုပ်၍ ပိုက်လိုင်းအရှည် (၄၁၈၅၄)ပေရှိသောပိုက်သွယ်တန်းခြင်း ၊

(ဃ) လွှယ်တော်ခမ်းတောင်ကုန်းပေါ်တွင် ရေသန့်စင်သည့်စနစ်ဆိုင်ရာ အဆောက်အအုံများ(Water Treatment Plant Structure)ပထမအဆင့်အဖြစ်ဆောက်လုပ်ခြင်း ၊ ယင်းလုပ်ငန်းတွင် -

- (၁) Mixing Tower and gravel Bed Flocculator Unit၊
- (၂) Sedimentation Tank၊
- (၃) Slow Sand Filtration Unit၊
- (၄) Chlorination Unit၊
- (၅) Clear Water Tank များပါဝင်မည်ဖြစ်ပါသည် ။

(င) ရေသန့်စင်စနစ်အဆောက်အဦရှိ တောင်ကုန်းမှ တာချီလိတ်မြို့တွင်းအဝင်သို့ ၁၈"Ø ပိုက် (၄၅၀mm OD) PN - 8.0 SDR - 26 ဖြင့်စတင်သွယ်ယူပြီး ယင်းမှ UPVC(8.0 Bar) ပိုက်များ အရွယ်အမျိုးမျိုး(12", 10", 8", 6", 4", 3")တို့ဖြင့် ရေဖြန့်ဖြူးပေးသည့်(Distrubution Network)စနစ်ပုံစံအတိုင်း ဆက်သွယ်တည်ဆောက်ခြင်း ၊

(စ) ရေရယူမည့်နေအိမ်ဝင်းများအသီးသီးအတွင်းသို့ ရေသွယ်ယူရသည့်အခါ သွယ်ယူမည့်ရေပိုက်လိုင်းများကို ညှိနှိုင်းသွယ်တန်းပေးခြင်းတို့ဖြစ်ပါသည်။

၁၀။ လုပ်ငန်းပြီးစီးရန်ဆောင်ရွက်မှုအတွက် အာမခံထားရှိခြင်း

ဤလုပ်ငန်းအတွက် မရွှေ့မပြောင်းနိုင်သောအာမခံပစ္စည်းအဖြစ် လုပ်ငန်းလက်ခံသူတရားဝင်ပိုင်ဆိုင်သည့် တာချီလိတ်မြို့ ၊ ဝမ်ကောင်းရပ်ကွက် ၊ စိန်ပန်းလမ်း ၊ အမှတ်(၁ / ၃)ရှိ ကာလတန်ဖိုး(၃၀၀၀၀၀၀၀/-) (သိန်းသုံးရာ)ကျပ်ရှိ မြေနှင့်အဆောက်အဦကိုလည်းကောင်း ၊ တာချီလိတ်မြို့ ၊ ဟောင်လိတ်ကျေးရွာ ၊ မြို့ရှောင်လမ်းအနီးရှိ နိုင်ငံတော်ကစိုက်ပျိုးခွင့်ချမှတ်ပေးထားသော နိုင်ငံပိုင်စိုက်ပျိုးမြေ(၂၁၄)ဧကပေါ်၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကာလတန်ဖိုး(၂၀၀၀၀၀၀၀/-)(သိန်းနှစ်ရာ)ကျပ်ရှိ ရော်ဘာစိုက်ပျိုးခင်းကိုလည်းကောင်း ၊ မရွှေ့မပြောင်းနိုင်သောအာမခံပစ္စည်းအဖြစ် တင်သွင်းထားရှိမည်ဖြစ်ပါသည်။

၁၁။ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်ပြောင်းလဲခြင်း

(က) ဤစာချုပ်ပါလုပ်ငန်းတွင်ပါဝင်သောပုံစံ ၊ စံချိန်စံညွှန်းများမှ ကွဲလွဲပြီး လုပ်ငန်းအပ်နှံသူက ဆောက်လုပ်ရေးအစီအစဉ်ကို ပြောင်းလဲရန်စာဖြင့်ညွှန်ကြားပါက ဤသို့ပြောင်းလဲမှုကြောင့် လုပ်ငန်းပြင်ဆင်သတ်မှတ်ရခြင်းကို နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြင်ဆင်သတ်မှတ်နိုင်သည်။ ကုန်ကျစရိတ်အားနှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ကျခံသွားပါမည် ၊

(ခ) လုပ်ငန်းလက်ခံဆောင်ရွက်သူဘက်မှလည်း စာချုပ်ပါလုပ်ငန်းတွင်ပါဝင်သော ပုံစံ ၊ စံချိန်စံညွှန်းများ စီစဉ်ပြောင်းလဲရန်ရှိပါက စာဖြင့်တင်ပြ၍ ဤသို့ပြောင်းလဲမှုကြောင့် လုပ်ငန်းပြင်ဆင်သတ်မှတ်ရခြင်းကို နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြင်ဆင်သတ်မှတ်နိုင်သည်။ ကုန်ကျစရိတ်အား လုပ်ငန်းလက်ခံသူက ကျခံဆောင်ရွက်ပေးရပါမည် ။

၁၂။ လုပ်ငန်းလက်ခံသူ၏တာဝန်များ

(က) မြို့တွင်းရပ်ကွက်အသီးသီးရှိနေအိမ်များသို့ ရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ရေသုံးစွဲသူများ၏နေအိမ်၌ ရေတိုင်တပ်ဆင်အသုံးပြုမှုအာရေအတွက် ၊ ရေမီတာတပ်ဆင်မှုအရေအတွက် ၊ လစဉ်ရေသုံးစွဲသည့် ရေယူနစ်စာရင်းများကို စာရင်းချုပ်ပြီး လုပ်ငန်းလက်ခံသူတက်မှ လုပ်ငန်းအပ်နှံသူထံသို့ လစဉ်စာရင်းပေးပို့တင်ပြရပါမည် ၊

(ခ) အရင်းကြေကာလအတွင်းတွင် ရေပေးဝေရေးစနစ်ကို ပြုပြင်မြှင့်တင်ပြောင်းလဲမှုများ ပြုလုပ်ရန်လိုအပ်လာပါကလည်း လုပ်ငန်းလက်ခံသူတက်မှပင် ကျခံပြုပြင်သွားမည်ဖြစ်သည် ၊

(ဂ) လုပ်ငန်းလက်ခံသူသည် ရေပေးဝေရေးလုပ်ငန်း၌ အသုံးပြုလျက်ရှိသောပစ္စည်း၏ ကောင်းမွန်မှုကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း ၊ ရေပေးသည့်စနစ်ကိုလည်း ပြောင်းလဲတိုးတက်လာမည်ဖြစ်သော ခေတ်ကာလနှင့်အညီ အဆင့်မြှင့်တင်ခြင်း ၊ ခေတ်မီရေပေးဝေရေး နည်းစနစ်အသစ်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း စသည်များကို ကျွမ်းကျင်သူပညာရှင်များနှင့် တာဝန်ယူစိစဉ်ဆောင်ရွက်ရမည်ဖြစ်သည် ၊

(ဃ) လုပ်ငန်းအပ်နှံသူမှသတ်မှတ်ထားသည့် ရေဖြန့်ဖြူးရေးဆိုင်ရာစည်းကမ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်မှုများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါစည်းကမ်းချက်များအား အခြေအနေနှင့်အချိန်အခါပေါ်မူတည်၍ လိုအပ်သောပြင်ဆင်ချက် ၊ ဖြည့်စွက်ချက်များကို နှစ်ဖက်ညှိနှိုင်းသတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်သည် ၊

(င) လုပ်ငန်းလက်ခံသူသည် လုပ်ငန်းစတင်သည့်တည်ဆောက်စဉ်ကာလ ၊ ရေပေးဝေသည့်ကာလများ၌ အကြောင်းမဲ့လုပ်ငန်းရပ်ဆိုင်းမှု ၊ ဆက်လက်ဆောင်ရွက်ရန် ပျက်ကွက်မှုများမရှိစေရ ၊

(စ) စာချုပ်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများရရှိရေးနှင့် ထိန်းသိမ်းမှုအတွက် တာဝန်ယူဆောင်ရွက်ရမည် ၊

(ဆ) လုပ်ငန်းဆောင်ရွက်နေစဉ် လိုလောက်သောကျွမ်းကျင်မှုဆိုင်ရာကြီးကြပ်မှုကိုဆောင်ရွက်ရမည်၊

(ဇ) လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအပ်နှံသူက လိုအပ်သည်ဟုယူဆပါက ပုံစံနှင့်စံချိန်စံညွှန်းများပယ်ဖျက်ခြင်း ၊ ပြောင်းလဲခြင်းပြုလုပ်သည့်အခါ လုပ်ငန်းလက်ခံသူမှ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် ခိုင်ခံ့မှု ၊ လှပမှုပုံစံကို ပျက်ယွင်းမှုမရှိအောင်ဆောင်ရွက်ရမည် ၊

(ဈ) လုပ်ငန်းဆောင်ရွက်ဆဲ(သို့မဟုတ်) ဆောင်ရွက်ပြီးကာလအတွင်း လုပ်ငန်းခွင်ရှိ လုပ်ငန်းများကိုလည်းကောင်း ၊ အလုပ်ရုံများကိုလည်းကောင်း ၊ လုပ်ငန်းအပ်နှံသူမှ တာဝန်ပေးအပ်သည့် အဖွဲ့အစည်း(သို့မဟုတ်)အင်ဂျင်နီယာတစ်ဦးဦး အချိန်မရွေးဝင်ရောက်စစ်ဆေးခြင်းကို ခံယူရမည် ၊

(ည) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စည်ပင်သာယာရေးဝန်ကြီးဌာန ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ(ကျိုင်းတုံ)မှ အတည်ပြုထားပြီးသောပုံစံနှင့် တွက်ချက်မှုစာရင်းပါ အင်ဂျင်နီယာစံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရမည် ၊

(ဋ) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဖွင့်လှစ်ထားရှိမည့်ရုံး(ရှင်းလင်းဆောင်) အား လုပ်ငန်းလက်ခံသူမှ ဆောင်ရွက်ပေးရမည် ၊

(ဌ) လုပ်ငန်းလက်ခံသူမှဆောက်လုပ်ထားသော ဟိန်းလင်းစံရေပေးရေးစီမံကိန်းတွင်ပါရှိသည့် အဆောက်အဦများတည်ဆောက်ခြင်းအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ပေးသွင်းရမည့်အခွန်ကို တာဝန်ယူပေးသွင်းရမည် ၊

(ဍ) ဤစာချုပ်အရ လုပ်ဆောင်ရမည့်လုပ်ငန်းအဝဝသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စည်ပင်သာယာရေးဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်နှင့် စည်ပင်သာယာရေးအဖွဲ့အဆင့်ဆင့်၏ သဘောတူခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်ကိုလုပ်ငန်းလက်ခံသူက သိရှိနားလည်သဘောတူပါသည် ၊

(ဎ) လုပ်ငန်းလက်ခံသူသည် မိမိလုပ်ကိုင်ခွင့်ရရှိထားသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေခွန် အမြတ်ခွန်အပါအဝင် သက်ဆိုင်ရာအခြားဌာနအဖွဲ့အစည်းများသို့ ပေးဆောင်ရမည့် အခွန် ၊ အခများကို တာဝန်ယူပေးဆောင်ရမည် ။

၁၃။ လုပ်ငန်းအပ်နှံသူ၏တာဝန်များ

(က) ရေအသုံးပြုသူတို့က ရေပေးဝေသည့်စည်းကမ်းချက်များကို မလိုက်နာမှု ၊ ပေးသွင်းရမည့် အခွန် ၊ အခများကိုပျက်ကွက်မှု စသည့်လုပ်ငန်းကိုထိခိုက်ပျက်စီးဆုံးရှုံးစေမှုများ ပြုလုပ်လာပါက လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတို့ညှိနှိုင်းပြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ ၊ နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်း ၊ စည်းမျဉ်းစည်းကမ်းများနှင့် တည်ဆဲပြဋ္ဌာန်းဥပဒေများအရ အရေးယူဆောင်ရွက်ခြင်းပြုလုပ်ပေးသွားမည်ဖြစ်ပါသည် ၊

(ခ) လုပ်ငန်းလက်ခံသူမှတင်ပြလာသော အခွန်ကင်းလွတ်ခွင့်များနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း ညီညွတ်ပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည် ၊

(ဂ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်လုပ်ကိုင်ရာတွင် ဥပဒေနှင့်အညီဖြစ်သော စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(Myanmar Investment Commission)မှရရှိရေး ၊ လုပ်ငန်းနှင့်ဆက်စပ်နိုးနွယ်လာမည့် သက်ဆိုင်ရာအစိုးရအဖွဲ့ ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သဘောတူညီချက် ၊ အတည်ပြုချက် ၊ ခွင့်ပြုချက် စသည်များရရှိရေးကို လုပ်ကိုင်ခွင့်ပြုသူမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည် ၊

(ဃ) လုပ်ငန်းတည်ဆောက်မှုကာလမှစတင်၍ ရေပေးဝေရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူဘက်မှ အင်ဂျင်နီယာနှင့်ကျွမ်းကျင်သူပညာရှင်များသည် လုပ်ကိုင်ခွင့်ပြုသူ၏ဌာနမှ အင်ဂျင်နီယာများဖြင့် ပူးပေါင်းညှိနှိုင်း၍ လုပ်ငန်းကြီးကြပ်မှုပြုလုပ်ကြမည်ဖြစ်ပါသည် ၊

(င) လုပ်ငန်းခွင်သုံးစွဲမည့်ဆောက်လုပ်ရေးပစ္စည်းများ ၊ ဆောက်လုပ်မှုစက်ကိရိယာများ ဝယ်ယူသယ်ဆောင်ခြင်းတွင် လိုအပ်သည့်ထောက်ခံချက်များကူညီပံ့ပိုးပေးရမည် ၊

(စ) စာချုပ်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ပေါ်ကြုံတွေ့ရသော အခက်အခဲများနှင့်စပ်လျဉ်း၍ ဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တတ်နိုင်သမျှကူညီဖြေရှင်းဆောင်ရွက်ပေးရမည် ၊

(ဆ) လုပ်ငန်းများဆောင်ရွက်ခွင့်ပြုခြင်း ၊ ပြန်လည်လက်ခံခြင်းတို့အတွက် စာချုပ်နှင့်သက်ဆိုင်ရာဥပဒေစည်းမျဉ်းများနှင့်အညီဆောင်ရွက်ရမည် ။

၁၄။ လုပ်ငန်းလက်ခံသူ၏အကျိုးခံစားခွင့်

လုပ်ငန်းလက်ခံသူသည် ရေသုံးစွဲသူများထံမှ ရေမီတာတစ်လုံးလျှင် ကျပ်(၇၅၀၀၀/-)နှုန်းနှင့် အသုံးပြုရေယူနစ်(၂၂၀ ဂါလံ(သို့မဟုတ်) ၈၈၀ လီတာ)လျှင် ကျပ်(၃၀၀/-)နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်သည်။ ပြောင်းလဲလာသောခေတ်ကာလအခြေအနေများနှင့်အညီ လိုအပ်လာပါက ရေသုံးစွဲနှုန်းထားများကို လုပ်ငန်းအပ်နှံသူနှင့် လုပ်ငန်းလက်ခံသူတို့ညှိနှိုင်းပြီး သင့်လျော်သလိုပြင်ဆင်သတ်မှတ်သွားမည်ဖြစ်သည်။

၁၅။ လုပ်ငန်းအပ်နှံသူ၏အကျိုးခံစားခွင့်

တည်ဆောက်မှုကာလပြီးဆုံး၍ ရေပေးဝေခြင်းလုပ်ငန်းစတင်သည့်နေ့မှစတင်ပြီး အရင်းကြေကာလအဖြစ်သတ်မှတ်သည့်(၁၇)နှစ်တာကာလအတွင်း လုပ်ကိုင်ခွင့်ရသူကောက်ခံသော ရေသုံးစွဲသူများထံမှကောက်ခံရရှိသည့် ရေသုံးစွဲခဝင်ငွေ၏(၅%)ကို လည်းကောင်း ၊ အရင်းကြေကာလကုန်ဆုံးပြီးနောက်(၁၃)နှစ်ကာလအတွင်းတွင် ရေသုံးစွဲသူများထံမှကောက်ခံ ရရှိသည့် ရေသုံးစွဲခဝင်ငွေ၏ (၁၀%)ကိုလည်းကောင်း လုပ်ငန်းအပ်နှံသူ၏ဘဏ်စာရင်းသို့ နှစ်အလိုက်နှစ်စဉ် ဇန်နဝါရီလနောက်ဆုံးအပတ်တွင် ပေးသွင်းရမည်ဖြစ်သည်။

၁၆။ ဆောက်လုပ်ရေးဆိုင်ရာစည်းကမ်းများ

(က) လုပ်ငန်းဆောင်ရွက်ရန် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ပစ္စည်းများကိုသာအသုံးပြု၍ အင်ဂျင်နီယာနည်းနာနိသယအတိုင်းဆောက်လုပ်ရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ငန်းလက်ခံသူ၏တာဝန်ပေးထားသည့် အင်ဂျင်နီယာအဖွဲ့ကြီးအားကြီးကြပ်စေမည်ဖြစ်ကြောင်းကို လုပ်ငန်းလက်ခံသူက တာဝန်ယူပါသည် ။

(ခ) လုပ်ငန်းတွင်အလုပ်လုပ်သော လုပ်သားအားလုံး၏အခွင့်အရေးအားလုံးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စအဝဝကို လုပ်ငန်းလက်ခံသူကတာဝန်ယူပါသည် ။

(ဂ) လုပ်ငန်းခွင်အရောက် ပစ္စည်းအားလုံး၏ ပျက်စီးဆုံးရှုံးမှုမရှိစေရေးတို့သည် လုပ်ငန်းလက်ခံသူ၏တာဝန်သာဖြစ်ပါသည် ။

(ဃ) ဆောက်လုပ်ရေးလုပ်ငန်းအဝဝကို လုပ်ငန်းအပ်နှံသူကဖြစ်စေ ၊ လုပ်ငန်းအပ်နှံသူက တာဝန်ပေးအပ်သူဖြစ်စေ ၊ လုပ်ငန်းအပ်နှံသူမှဖွဲ့စည်းပေးထားသော စစ်ဆေးရေးအဖွဲ့ကဖြစ်စေ စစ်ဆေးမည်ဖြစ်ပြီး ပုံစံနှင့်ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း ၊ စံချိန်စံညွှန်းနှင့် မကိုက်ညီသောပစ္စည်းများအသုံးပြုမှုကို တွေ့ရှိလျှင်သော်လည်းကောင်း ၊ အင်ဂျင်နီယာ နည်းနာနိသယများနှင့် ကိုက်ညီစွာမဆောင်ရွက်လျှင်သော်လည်းကောင်း ၊ ပစ္စည်းများလဲလှယ်ခြင်း ၊ ပြန်လည်ပြင်ဆင်ဆောက်လုပ်ခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆောက်အဦများကို ယင်းသို့ ဆောင်ရွက်ရမည့်လုပ်ငန်းအတွက် လုပ်ငန်းလက်ခံသူ၏ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ရန် သဘောတူပါသည် ။

၁၇။ လုပ်ငန်းနှောင့်နှေးခြင်း

(က) မလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့်မဟုတ်ဘဲ လုပ်ငန်းလက်ခံသူအနေဖြင့် လုပ်ငန်းပြီးစီးရမည့်ရက်အတွင်း ပြီးစီးခြင်းမရှိပါက ပြီးစီးရမည့်ရက်၏ နောက်တစ်ရက်မှစ၍ ဒဏ်ငွေအဖြစ်တစ်ရက်(၁၀၀၀၀ိ/–)နှုန်းအား လုပ်ငန်းလက်ခံသူကပေးဆောင်ရမည် ။

(ခ) သတ်မှတ်ရက်အတွင်းမပြီးဘဲ အကြောင်းအရာခိုင်လုံစွာတင်ပြနိုင်ပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၊ စည်ပင်သာယာရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူပြီး သတ်မှတ်သည့်အချိန်ကို ရက်တိုးရယူရမည်ဖြစ်ပါသည် ။

၁၈။ လုပ်ငန်းပြီးစီး၍အပ်နှံခြင်း

(က) နှစ်ဦးနှစ်ဖက်သဘောတူပြီးသော စာချုပ်ပါလုပ်ငန်းများကို လုပ်ငန်းလက်ခံသူကဆောင်ရွက်ပြီးစီးသည့်အခါ ယင်းသို့ပြီးစီးကြောင်းကို လုပ်ငန်းအပ်နှံသူသို့တရားဝင်အကြောင်းကြားရမည် ၊

(ခ) ယင်းသို့အကြောင်းကြားသည့်အခါ လုပ်ငန်းအပ်နှံသူက လုပ်ငန်းများကိုအကြောင်းကြားစာရပြီး(၇)ရက်အတွင်းကွင်းဆင်းစစ်ဆေးကာ လိုအပ်ချက်များရှိပါကပြုပြင်ဆောင်ရွက်စေပြီး ပြုပြင်ပြီးပါက လုပ်ငန်းစတင်လည်ပတ်စေမည်ဖြစ်သည်။

၁၉။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ

(က) မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး ၊ လေဘေး ၊ မီးဘေး ၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း ၊ စစ်ဖြစ်ခြင်း ၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်ကလိုအပ်သော သတိ ၊ ဝီရိယနှင့်ဆောင်ရွက်စေကာမူ မလွန်ဆန် ၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် လုပ်ငန်းလက်ခံသူသည် လုပ်ငန်းအပ်နှံသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ ၊

(ခ) ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ်များပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်များဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း လုပ်ငန်းလက်ခံသူသည် လုပ်ငန်းအပ်နှံသူသို့ ချက်ချင်းစာဖြင့်ရေးသားအကြောင်းကြားရမည်။ လုပ်ငန်းအပ်နှံသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော ပြတ်တောက်ကာလအပိုင်းအခြားအတွက် လုပ်ငန်းဆောင်ရွက်မှုကိုသက်သာခွင့်ပြုနိုင်ပါသည် ။

၂၀။ ဓါတ်သတ္တုအရင်းအမြစ်များနှင့်ရတနာများတွေ့ရှိခြင်း

တချုပ်ပါလုပ်ငန်းကို ဆောင်ရွက်စဉ်ကာလအတွင်း မမျှော်လင့်ဘဲ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်သည့်နယ်မြေအတွင်းမှ ဓါတ်သတ္တုအရင်းအမြစ်များနှင့်ရတနာများကိုတွေ့ရှိရလျှင် လုပ်ငန်းအပ်နှံသူသို့ ချက်ချင်းအကြောင်းကြားရမည်။ လုပ်ငန်းအပ်နှံသူက ထိုပစ္စည်းများကိုပိုင်ဆိုင်ရမည်ဖြစ်ပြီး လုပ်ငန်းအပ်နှံသူသည် မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းများသို့ အကြောင်းကြားတင်ပြပေးရမည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၂၅ ကျပ် ငွေနှစ်ဆယ့်ငါးကျပ် K 25

၂၁။ လုပ်ငန်းဆိုင်ရာသဘောတူညီချက်များ

(က) လုပ်ကိုင်ခွင့်ရသူဘက်မှ လုပ်ငန်းစတင်သည့်တည်ဆောက်စဉ်ကာလ ၊ ရေပေးဝေသည့်ကာလများ၌ အကြောင်းမဲ့လုပ်ငန်းရပ်ဆိုင်းမှု ၊ ဆက်လက်ဆောင်ရွက်ရန်ပျက်ကွက်မှုများ ဆောင်ရွက်ခွင့်မရှိသကဲ့သို့ လုပ်ကိုင်ခွင့်ပြုသူဘက်မှလည်း အကြောင်းမဲ့ ဤနှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုထားသည့်လုပ်ငန်းကို အခြားအဖွဲ့အစည်း ၊ အသင်း ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို လုပ်ငန်းလွှဲပြောင်းလုပ်ကိုင်ခွင့်ပြုစေခြင်း ၊ ရပ်တန့်စေခြင်း ၊ ဖျက်သိမ်းခြင်းများပြုလုပ်ခွင့်ရှိမည်မဟုတ်ကြောင်း သိရှိသဘောတူကြပါသည် ။

(ခ) ဤလုပ်ငန်းသဘောတူစာချုပ်အရ မြို့တွင်းရေပေးဝေဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ကာလကို (၃၀)နှစ်သတ်မှတ်ပါသည်။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်စည်းကမ်းချက်များဖောက်ဖျက်မှု ၊ ပျက်ကွက်မှုမရှိသရွေ့ ဤလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ရှိမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးရာတွင် (၁)ကြိမ်လျှင် (၅)နှစ်စီ သက်တမ်းတိုးလုပ်ကိုင်ခွင့်ပြုနိုင်သည် ။

(ဂ) ဤလုပ်ငန်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ၊ ရေပေးဝေရေးစနစ်ကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် လို့လစီရီယစိုက်ထုတ်၍ အစဉ်တစိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေပေးဝေရေးဆိုင်ရာစည်းကမ်းများ ၊ ရေခွန်ကောက်ခံသည့်နှုန်းထား ၊ စည်းမျဉ်းများကိုလည်း အခါအားလျော်စွာပေါ်ပေါက်သည့်အခြေအနေများကို သုံးသပ်ပြီးနှစ်ဖက်ညှိနှိုင်းကာ နှစ်ဦးနှစ်ဖက်အကျိုးစီးပွား မဆုံးရှုံးစေသော ပြုပြင်ဖြည့်စွက်ဆောင်ရွက်ခြင်းများကိုလည်း ညှိနှိုင်းဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါသည် ။

(ဃ) လုပ်ငန်းနှင့်စပ်လျဉ်းသည့် နှစ်ဖက်သဘောတူညီထားသည့် လုပ်ငန်းစီမံချက်ဆိုင်ရာတွက်ချက်မှုအခြေခံများ(Estimates) ၊ မြေပုံမြေညွှန်းပုံစံများ(Maps & Plans) နှင့်အစီရင်ခံစာများသည် ဤစာချုပ်၏နောက်ဆက်တွဲအဖြစ်ဖော်ပြရာတွင် စာချုပ်၏အစိတ်အပိုင်း(Part Of the Deed) တစ်ရပ်အဖြစ် သက်ရောက်ပါသည် ။

